# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 22 September 2025 ၁၁၉၄၈


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

### နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ » ၃

### ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်

ဆောင်းပါး စာမျက်နှာ » ၆



### ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ အားကစားလေ့ကျင့်ရုံနှင့် ဝါဆိုရိုးရာခြင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၉

## ထန်းတပင်မြို့နယ်၌ မိုးစပါးဧက ၆၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးလျာထားစိုက်ဧက ၈၄၁၃၈ ဧကရှိသည့်အနက် ဧကပေါင်း ၆၃၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○



## ဖောင်တော်ဦးဘုရားပွဲတော်ကာလအတွင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



၂၀၂၄ ခုနှစ်က အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ကျင်းပစဉ်။

ညောင်ရွှေ စက်တင်ဘာ ၂၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း မှီတင်းနေထိုင်ကြသော အင်းသားတိုင်းရင်းသားတို့၏ တစ်မူထူးခြားသည့် ခြေထောက်နှင့် လှေလှော်ခြင်း ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်ကို ဖော်ထုတ်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ တိုင်းရင်းသားတို့၏ ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှုနှင့် အားမာန်ကို ပြသရန်၊ အင်းလေးဒေသ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကို ယခုနှစ် သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအတွင်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရုပ်ရှင်တော်မြတ်များသည် ယခုနှစ် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၉ ရက်အထိ အင်းလေးဒေသဝဲယာကို ဒေသစာရီကြွချီပူဇော်ခံမည်ဖြစ်ပြီး ဘုရားပွဲတော်ကာလအတွင်း အင်းသားတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထုတ်ဖော်ပြသသည့် အနေဖြင့် လှေလှော်ပြိုင်ပွဲကို ထည့်သွင်းကျင်းပရခြင်းဖြစ်သည်။

လှေလှော်ပြိုင်ပွဲတွင် အမျိုးသားရာကျော်လှေ၊ အမျိုးသားလေးကျိပ် ခြောက်တက်လှေ၊ အမျိုးသမီးလေးကျိပ် ခြောက်တက်လှေ၊ ကျောင်းသားနှစ်ကျိပ် ခြောက်တက်လှေနှင့် တစ်ဦးချင်းလှေပြိုင်ပွဲ အမျိုးအစားများ ပါဝင်မည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် အင်းလေးကန်အတွင်းရှိ ရေလယ်ညော့်ခန်းမဆောင်ရှေ့ ရေပြင်ကျယ်၌ လည်းကောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

ကြေးမုံ

# သွန်သင်ဆုံးမမှုနှင့် ပညာကိုမှတ်သားနာယူ ဗလငါးတန်ပြည့်စုံရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာနှင့် အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုသည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းနေသည့်အချိန်တွင် ပြည်သူများအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိရန် အထူးလိုအပ်သည်။ အတန်းပညာ၊ အတတ်ပညာ၊ အသိပညာတတ်မြောက်ရေးသာမက တွေးခေါ်ဆင်ခြင်နိုင်မှု ပြည့်စုံစေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့က ထားဝယ်မြို့တွင် "နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ မိဘများ၊ ဆရာ ဆရာမများကလည်း မိမိတို့၏ သားသမီးများ၊ တပည့်များကို ပညာတတ် လူတော်လူကောင်းများဖြစ်အောင် သွန်သင်ဆုံးမ၊ လေ့ကျင့်သင်ကြားပေးကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိဘ၊ ဆရာများ၏ သွန်သင်ပြသမှုများကို နာယူမှတ်သားပြီး အသိပညာ၊ အတတ်ပညာပြည့်ဝသည့်၊ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်သည့်၊ ဗလငါးတန်ပြည့်ဝသည့်၊ နိုင်ငံအတွက် အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ကလေးသူငယ် ကျောင်းသား ကျောင်းသူ လူငယ်များ အဘက်ဘက်တွင် အသိပညာကြွယ်ဝရေးအတွက် နိုင်ငံသားတိုင်း ပညာတတ်ရန် အခြေခံလိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆောင်ပုဒ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ပညာရေးကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကိုလည်း ထိုက်ထိုက်တန်တန် နှစ်စဉ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိသည်။ စာတော်ပြီးထူးချွန်သည့် ကျောင်းသား ကျောင်းသူများသည် ငယ်စဉ်ကတည်းက မိဘ၊ ဆရာသမားများ၏ ကြပ်မတ်သွန်သင်မှုနှင့်အတူ ငယ်စဉ်ကတည်းက ကြိုးစားသင်ကြား မှတ်သားလာခြင်းဖြစ်သည်။ "အစကောင်းမှ အနှောင်းသေချာမည်" ဆိုသကဲ့သို့ ငယ်စဉ်ကတည်းက မပြတ်မလပ်ဆောင်ရွက်ခဲ့မှသာ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်တစ်ယောက်ဖြစ်မည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အနာဂတ်တိုးတက်ကောင်းမွန်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကိုမဖြစ်မနေအားပေးမြှင့်တင်ပေးနေခြင်းဖြစ်သည်။ သို့သော် နိုင်ငံ၏ ဒေသအများစု၌ တန်းစဉ်ကူးပြောင်းမှု လျော့နည်းနေသည်ဟု သိရှိရသည်။ ထို့ကြောင့် အတန်းပညာများရှိစေရေး ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ တိုးတက်ကောင်းမွန်စေရေး မိဘ၊ ဆရာ၊ ပတ်ဝန်းကျင်က ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုသည်။ တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးအားနည်းပါက အခြားဒေသများတွင် ကြုံရာကျပန်း လုပ်ကိုင်ကြရမည်ဖြစ်သည်။ အဆင်မသင့်လျှင် လမ်းမှားသို့ပင်ရောက်ရှိသွားနိုင်သည်။ ပညာရေးအားနည်းပါက အခြားသူများ၏ဦးဆောင်မှု၊ အနိုင်ကျင့်မှုကို ခံရမည်ဖြစ်၍ ပညာရေးအားနည်းပြီး မွေးမြေရပ်ခြားသို့ သွားရောက်လုပ်ကိုင်နေကြသည့် လူငယ်လူရွယ်များ၏ အကျည်းတန်သောဘဝများ၊ ခက်ခဲကြမ်းတမ်းသောဘဝများကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ ပညာမပြည့်ဝ ဆင်ခြင်တုံတရားအားနည်းသဖြင့် လူငယ်လူရွယ်များကြား၌ မဖြစ်သင့်မဖြစ်ထိုက်သည့်အဖြစ်များ၊ စက်ဆုပ်ဖွယ်ရာအဖြစ်များကို မကြာခဏ ကြားသိနေရသည်။ ထို့ကြောင့် မိမိတို့ဒေသအတွင်း၌ပင် ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ပေါများကြွယ်ဝအောင် မွေးထုတ်ပေးကာ ဒေသအကျိုးကိုဖော်ဆောင်ကြဖို့လိုသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးမြှင့်တင်ပေးလျက်ရှိပြီး နိုင်ငံတော်၏အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ဆရာဆရာမ၊ မိဘအုပ်ထိန်းသူများကလည်း လူငယ်လူရွယ် ကျောင်းသား ကျောင်းသူလေးများအား အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် တွေးခေါ်မြော်မြင် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိသူများဖြစ်အောင် စဉ်ဆက်မပြတ်၊ မျက်ခြည်မပြတ် တစိုက်မတ်မတ် အလေးထားဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များကလည်း မိဘ၊ ဆရာများ၏ သွန်သင်ဆုံးမ၊ သင်ကြားပြသပေးမှုများကို မြေဝယ်မကျလိုက်နာဆောင်ရွက်ကာ နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် သားကောင်းရတနာများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သဃ်န်းကျွန်းမြို့နယ် အရှေ့ပိုင်းခရိုင် GEC ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အရှေ့ပိုင်းခရိုင် GEC ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အထက(၁) သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က ဝန်ကြီးဌာန၊ ဦးစီးဌာနတို့မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်း၍ အသင်းကိုယ်စားလှယ်များက သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။ သဃ်န်းကျွန်း(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခင်မောင်လှ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ စည်သူ(ပြန်/ဆက်)

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၁

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ၂၁ - ၉ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၃ /၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက် (The Second International Technology Congress–ITC) သို့ တက်ရောက်ရန် စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။




နိုင်ငံတကာနည်းပညာကွန်ဂရက်ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Patriot Expo တွင် သုံးရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး ကွန်ဂရက်တွင် မျက်နှာစုံညီ အစည်းအဝေး(Plenary Session)များ၊ ခေါင်းစဉ်အလိုက် ပြုလုပ်သည့် နည်းပညာဖိုရမ်များ၊ နည်းပညာသစ်များကို သရုပ်ဖော်ပြသသည့် Demonstration Session များကို သီးခြားစီ ပြုလုပ်ခဲ့သည်။ ကွန်ဂရက်ကာလအတွင်း ရုရှားနိုင်ငံမှ နည်းပညာကုမ္ပဏီကြီးများကလည်း ပြခန်းများ ဖွင့်လှစ်ပြသခဲ့သည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်၏ International Plenary Session ကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooper–ation Organisation) ၏ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် စိတ်ချယုံကြည်ရသည့် နည်းပညာများ (Digital Compass. Partner Dialogue: course towards trusted technologies) ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယအကြိမ် နိုင်ငံတကာနည်းပညာကွန်ဂရက်၏ "International cooperation for the develop–ment of next–generation industrial automation systems forum" ကို စက်တင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပရာ ဒုတိယဝန်ကြီးက စက်မှုလုပ်ငန်းများတွင် လူသားကြီးကြပ်မှုမလိုဘဲ အလိုအလျောက်ဆောင်ရွက်သည့် automation စနစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ရမည့် အကြောင်းအရာများ ခေါင်းစဉ်ဖြင့် အမှာစကား ပြောကြားသည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်၏ ဒုတိယအကြိမ် International Plenary Session ကို လုပ်သားများ၏ထုတ်လုပ်မှုအား မြှင့်တင်ပေးရာတွင် နည်းပညာသစ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပရာ ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

အစည်းအဝေးများတွင် ဒုတိယဝန်ကြီးက စိတ်ချယုံကြည်ရသည့် နည်းပညာများ(trusted technologies) ကို မြန်မာနိုင်ငံအပါအဝင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်နိုင်ငံများအားလုံး ပါဝင်အသုံးပြုနိုင်စေရန်အချက်များကိုလည်းကောင်း၊ ဆိုက်ဘာလုံခြုံရေးမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများကိုလည်းကောင်း၊ စက်မှုလုပ်ငန်းသုံး အလိုအလျောက်စနစ်ကို အားလုံးပါဝင်နိုင်သည့်ပုံစံမျိုးဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာနှင့်လက်တွဲပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ထည့်သွင်းဆွေးနွေးသည်။

ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်သို့ တက်ရောက်နေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်သည့် ရုရှား–အာဆီယံ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့လည်း ပါဝင်တက်ရောက်ပြီး ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေး၊ ဂြိုဟ်တုဆက်သွယ်ရေး၊ အီးကောမာ့စ်၊ အိုင်တီပစ္စည်းများနှင့် Software ထုတ်လုပ်သည့်ကဏ္ဍများတွင် အာဆီယံနှင့် ရုရှားနိုင်ငံတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အာဆီယံနိုင်ငံများကိုယ်စား ပါဝင်ဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ် နိုင်ငံတကာ နည်းပညာကွန်ဂရက်တွင် ပြသထားသည့် ပြခန်းများသို့ ရုရှားနိုင်ငံ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

ယခုနှစ်ပြုလုပ်သည့် နိုင်ငံတကာနည်းပညာကွန်ဂရက်သို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၄၀၀ ကျော် ပါဝင်တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တောင်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများ၏ လက်တွေ့ဆောင်ရွက်နေသည့် ပအိုဝ်းခေါင်းပေါင်း၊ ဓနုလုံချည်နှင့် ဒေသခံတိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုကိုလည်းကောင်း၊ စက်ရက်ကန်း ရက်လုပ်ခြင်း၊ ချုပ်ပုတ်ခြင်း၊ ချည်ချခြင်းနှင့် ဂျပ်ခုတ်လုပ်ငန်း လက်တွေ့သင်ယူနေမှုကိုလည်းကောင်း၊ ရက်ကန်းသင်တန်းကျောင်းအလိုက် ပအိုဝ်းတိုင်းရင်းသားဝတ်စုံ ရက်လုပ်နေမှုကိုလည်းကောင်း၊ စားရိပ်သာနှင့် သင်တန်းသူအိပ်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ နည်းပြဆရာဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ ရိုးရာယဉ်ကျေးမှုကိုအခြေခံသော ခေတ်မီဒီဇိုင်းဆန်းများ တီထွင်ဖန်တီးရေး၊ ထူးချွန်သူများအား မန္တလေးမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သော ဖက်ရှင်နှင့်ဒီဇိုင်း ခြောက်လသင်တန်းသို့ ချိတ်ဆက်တက်ရောက်ရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာစက်မှုဇုန်၌ မြန်မာ့သြဘာလုပ်ငန်းစုနှင့် ရောဝတီမျိုးစေ့ကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည့် Grain & Edible Oils ကုမ္ပဏီလီမိတက်၏ တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြောင်းစိုက်ခြင်း၊ ပြောင်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြောင်းအခြောက်ခံစက်ရုံနှင့် သိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး စက်ရုံတည်ဆောက်မှုမှတ်တမ်း ဗီဒီယိုကိုပြသကာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အေးသာယာစက်မှုဇုန် အကွက်ကြီးအမှတ်(၁၀၂)ရှိ UNI ENERGY ကုမ္ပဏီ၏နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်းကောင်း၊ တော်ဝင် TGI ကုမ္ပဏီလီမိတက်၏ U Nyi အင်းလေးချည် ဆေးဆိုးပန်းရိုက်လုပ်ငန်းကိုလည်းကောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟဲကယ်-မန်ကျည်းပင် ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၈ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနပိုင် အုတ်ကျင်းသိုလှောင်ရုံအား မျိုးစေ့၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် မာလာမြိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် အင်းစိန်မြို့နယ်အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင် အဆောက်အအုံ ငှားရမ်း၍ စိုက်ပျိုးရေးလုပ်ငန်းသုံး ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် စိုးအဏ္ဏဝါကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ Fresh & Green ကုမ္ပဏီမှအနောက်ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေအား ငှားရမ်း၍ ကောက်ပဲသီးနှံ၊ အသားငါး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ အအေးခန်းစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့ မြို့နယ်အားကစားခန်းမတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် သင်ကြားမှု ထူးချွန်ဆရာ ဆရာမများအား ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ၄ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၃ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ကိုးဦးနှင့် ၁ ဘာသာဂုဏ်ထူးရရှိသူ ၁၇ ဦး တို့ကိုလည်းကောင်း၊ ဘက်စုံထူးချွန် လူရည်ချွန် (Grade-9) ကျောင်းသားတစ်ဦး၊ အောင်ချက်အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမများအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ဒုတိယဝန်ကြီးက ပညာရေးစာကြည့်တိုက်၊ လူမှုရေးအသင်းများ၊ မဟာအတုလ မြတ်မုနိ ရုပ်တော်မူဘုရားကြီး ဘက်စုံပြုပြင်ရန်နှင့် ဘိုးဘွားရိပ်သာတို့အတွက် အလှူငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပန်းပဲစုကျေးရွာ တောင်သူ ဦးလှဘော်၏ လယ်မြေတွင် ပေါ်ဆန်းစပါးမျိုး ၁၁ မျိုး မျိုးယှဉ်ပြိုင်ကွက်တွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျရောစပ်ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဓာတ်မြေသြဇာ အသုံးပြုမှု လျှော့ချခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို အကျိုးဖြစ်စေရေး၊ မြေဆီလွှာ၏ ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများ ထိခိုက်ပျက်စီးမှုကင်းဝေးပြီး မြေဆီလွှာ၏ ကျန်းမာရေး ကောင်းမွန်စေရေး၊ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းဖြင့် မြေဆီလွှာအတွင်း အာဟာရဓာတ်ဖြစ်ပေါ်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရေးတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများအား သွင်းအားစု သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**ကျုံပျော် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွဋ်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြန်ပြည်သားကောင်း ကိုယ်ပိုင်အထက်တန်းကျောင်းသို့ သွားရောက်ကာ မီးဘေးလုံခြုံမှုရှိရေး၊ လျှပ်စစ်သွယ်တန်းမှု စနစ်တကျ ရှိ/မရှိ၊ မီးသတ်ဆေးဘူး ၊ ရေပုံး၊ မီးကပ်မီးချိတ်၊ သဲအိတ်နှင့်ရေများ အသင့်ထားရှိရန်နှင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ထားရှိစေရေးတို့ကို အကြံပြုလမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်



**မြောင်းမြ စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့တွင် ခရိုင်မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ချေးငွေလုပ်ငန်း/ကုမ္ပဏီများ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းနှင့် တပ်ဖွဲ့ဝင်များက မြကန်သာရပ်ကွက် IM Microfinance Myanmar Co.,Ltd. မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ငြိမ်းသတ်ရေးတပ်ဖွဲ့ဝင်များကမီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို သင်ကြားပြသကာ ကုမ္ပဏီဝန်ထမ်းများက လက်တွေ့လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုသိမ်ကြီးမြို့နယ် အလင်းရောင် ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ကျေးရွာတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ငွေကျပ်သိန်း ၁၅၀၊ ပြည်သူများ ထည့်ဝင်အလှူငွေကျပ် ၇၅ သိန်းတို့ဖြင့် ဆောက်လုပ်ထားသည့် အလင်းရောင် ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်ကြီးများ အား နန္ဒာမြောက်ကျေးရွာ ကျောင်းသူများက လောကအားမာန် သီချင်းဖြင့် ကြိုဆိုကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေ၊ အလင်းရောင် စာကြည့်တိုက် ကော်မတီနာယက ဦးအောင်လွင်တို့က စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က အလင်းရောင် စာကြည့်တိုက် သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမ္ပည်းမော်ကွန်းအား ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့ကြပြီး တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ပေးမှုကြောင့် ဒေသခံပြည်သူများ အသိအမြင် ကြွယ်ဝကာ ကျေးလက်မှ မြို့ပြ၊ မြို့ပြမှ တိုင်း/ နိုင်ငံအထိ ကျေးလက်နေ ပြည်သူများ၏ဘဝ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် ကျေးရွာနေ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီး ဖျော်ဖြေရေး အစီအစဉ်များလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်

**နေပြည်တော် စက်တင်ဘာ ၂၁**

မြန်မာ့တပ်မတော်(ရေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်)နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်) ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာကာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် North Sea Fleet Commander နှင့် အရာရှိကြီးများ တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong နှင့် အဆင့်မြင့်အရာရှိကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယရေတပ်ဦးစီးချုပ်တို့သည် ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုအလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဌာနချုပ်ခန်းမ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ညပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၊ ဒုတိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ စက်တင်ဘာ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော် (ရေ)ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ North Sea Fleet ရှိ ဖျက်သင်္ဘော Xining သို့ သွားရောက်လေ့လာခဲ့ရာ စစ်ရေယာဉ်မှူးက အလေးပြုကြိုဆိုကာ လိုက်လံရှင်းလင်းပြသခဲ့သည်။ ထို့နောက် North Sea Fleet ဌာနချုပ်သို့ သွားရောက်ခဲ့ရာ North Sea Fleet Commander နှင့် အရာရှိကြီးများက တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့အား North Sea Fleet ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့ပြီး North Sea Fleet ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၏ Navy Submarine Academy သို့ သွားရောက်လေ့လာခဲ့ရာ Navy Submarine Academy ကျောင်းအုပ်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့သည်။ ယင်းနောက် Academy ၏ သမိုင်းကြောင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ Simulator၊ Trainer များကို လှည့်လှည်ကြည့်ရှုခဲ့သည်။ ထို့နောက် ရေတပ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ ထို့ပြင် စက်တင်ဘာ ၁၉ ရက်တွင်လည်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ Shanghai Hudong–Zhonghua သင်္ဘောကျင်းသို့ သွားရောက်လေ့လာခဲ့ရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တရုတ်နိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်း၊ Great Wall အစရှိသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ ရွှေဖုံးမှ**

စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ နန်းကပ်ချောင်း ရေပြင်၌လည်းကောင်း၊ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖောင်တော်ဦးမြတ်စွာဘုရား သီတင်းသုံးရာရတနာစံ ကျောင်းတော်ရှေ့ ရေပြင်၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**❍ ထန်းတပင်မြို့နယ်မှ**

ထန်းတပင်မြို့နယ်အတွင်း လက်ရှိအချိန်အထိ ဧကပေါင်း ၆၃၇၉၃ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ထန်းတပင်မြို့နယ်အတွင်းရှိတဲ့ တောင်သူတွေ စပါးစိုက်ပျိုးတဲ့နေရာမှာ လုပ်အားကုန်ကျမှုစရိတ်တွေ၊ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်တွေ သက်သာဖို့နဲ့ စပါးအထွက်နှုန်းတိုးတက်လာဖို့အတွက်ဆိုပြီတော့ စံပြစိုက်ခင်းတွေမှာ စိုက်ပျိုးနည်းစနစ်တွေကို သက်ဆိုင်ရာကွင်းအလိုက် တောင်သူအသိပညာပေး မိုးစပါး လက်တွေ့စိုက်ပျိုးပြသပေးနေပါတယ်။ ဒါ့အပြင့် နည်းပညာနဲ့ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး အတွက်ကိုလည်း ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# တပ်ကုန်းမြို့၌ ပညာရေးငွေစုငွေချေးသမဝါယမအသင်း၏ ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာစည်းဝေး

**တပ်ကုန်း စက်တင်ဘာ ၂၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပညာရေးငွေစုငွေချေးသမဝါယမ အသင်း (လီမိတက်) ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဂုဏ်ထူးဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ပြည်သာနိုင်ဓမ္မာရုံ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးခင်မောင်လွင်က ဆောင်ရွက်ပြီး အသင်းတိုးတက်အောင် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယပညာရေးမှူး ဦးအောင်အောင်ဌေးတို့က ပညာရေးငွေစုငွေချေး သမဝါယမ အသင်း စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးငွေစုငွေချေး သမဝါယမအသင်းမှ အမှုဆောင်အဖွဲ့ဝင်များက ဘဏ္ဍာနှစ် အစီအရင်ခံစာနှင့် အသင်းသားစာရင်းစစ် အစီအရင်ခံများအား ဖတ်ကြားပြီး အစုအပေါ်အမြတ်စုဆောင်းငွေပေါ် အတိုးများ၊ ကုန်ကျန်ရှင်းတမ်းများ ရှင်းလင်းတင်ပြခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် အသင်းဝင်များ၏ သားသမီး ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်

**မောင်အိပ်စ်ဇဲ**

ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များအသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများအား "မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း" သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

ယခုရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျ မဲလက်မှတ်ဖြင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုပါသည်။

## မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ

မဲပေးစက်ကို စက်အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါအစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရပါသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU)နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit – VU) များသည် မဲဆန္ဒရှင်နှင့် သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit – CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်းဖြစ်ပါသည်။

မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာ တည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့်နေရာများတွင်လည်း သုံးနိုင်ရန် ဘက်ထရီစနစ်ကို အသုံးပြုထားပါသည်။ ထို့အပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ်မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့်အပေါက်များ မပါဝင်ခြင်းအပြင် မဲပေးစက် အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုကို မည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့်တီထွင်ထားပါသည်။ မဲပေးစက်၏ ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက် ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိပါသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသောနည်းလမ်းဖြင့် မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလို ပြင်ဆင်ဆောင်ရွက်၍ မရနိုင်ပါ။

## မဲပေးစက်ဖြင့် မဲပေးခြင်း

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်း လွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုးမရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကိုနှိပ်ကာ မဲပေးနိုင်ပါသည်။ ထို့နောက် မိမိဆန္ဒပြုခြင်း မှန်၊ မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို လေးစက္ကန့်မျှ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိပါသည်။ သို့သော် မဲပုံးထဲကျသွားသော ဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာ မှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍မရနိုင်ပါ။ ယခင် မဲလက်မှတ်နှင့် ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ ထည့်ခဲ့ကြရပါသည်။

## မဲမပေးမီ မဲပေးစက်အား စစ်ဆေးခြင်း

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက်ကိုင်တွယ်သူများသည် မဲပေးခြင်း မစတင်မီ မဲပေးစက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများကို သေချာစွာတပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ၊ မရှိ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် စစ်ဆေးပြီး သတ်မှတ်ပုံစံများ ဖြည့်သွင်း၍ လက်မှတ်ရေးထိုးရပါသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရပါသည်။



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖွင့်လှစ်စဉ်။

ဆက်လက်၍ "Total" ခလုတ် (မဲပေးပြီးသည့် အရေအတွက် စစ်ဆေးသည့်ခလုတ်)ကို နှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှု လုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရပါသည်။ ထိုသို့ ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်ပေးရပါသည်။

## မဲပေးနေစဉ် ထိန်းချုပ်စက်ကိုင်တွယ်သူ၏လုပ်ငန်း

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင် လျှို့ဝှက်ဆန္ဒပြုခန်းသို့ ရောက်လျှင် ထိန်းချုပ်စက်ရှိ "Ballot" ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ခွင့်ပြုပေးရပါသည်။ ထိုသို့ ခွင့်ပြုပေးလိုက်သည်နှင့်တစ်ပြိုင်နက် ထိန်းချုပ်စက်ရှိ Display Screen တွင် "Start" ဟူသော စာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာပါသည်။ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်မဲပေးပြီးပါက ထိန်းချုပ်စက်တွင် အသံတို ထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည် ဖြစ်ပါသည်။

မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် "On/ Off" "Total" "Ballot" ခလုတ် သုံးခုမှအပ ကျန်ခလုတ်များကို အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကိုအများမြင်သာသောနေရာတွင်ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသောနည်းလမ်းများ လုပ်ဆောင်၍မရနိုင်ပါ။ ထို့အပြင် နိုင်ငံရေးပါတီများက ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်ပါသည်။

## မဲပေးနေစဉ် စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်း မှတ်တမ်းစာအုပ်ပါ မဲပေးပြီးအရေအတွက်နှင့် ထိန်းချုပ်စက်ရှိ "Total" ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီး အရေအတွက်တို့ ကိုက်ညီမှု ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား "Total" ခလုတ်ကို နှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်း မဲပေးပြီးအရေအတွက်ကို မှတ်သားစေရပါသည်။

ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ် မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

## မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိခလုတ်နှိပ်ဆန္ဒပြုလိုက်သော ပါတီ/ကိုယ်စားလှယ်လောင်း မှန်၊ မမှန် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကိုကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခု လုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် "Total" ခလုတ်နှိပ်၍ မဲပေးပြီးသူအရေအတွက်ကို စစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက် ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍ မရနိုင်ပါ။

> **ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံမဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များမဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်**

## မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်း

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ၊ မရှိ စစ်ဆေးပြသရပါသည်။ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် "Print" ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်ရှိလာသော မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်းကို ထုတ်ယူရပါသည်။ ယင်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ရရှိသည့် မဲရလဒ်များကို အများပြည်သူသိရှိစေရန် ကြေညာပေးရသည့်အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရပါသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များအားလုံးက လက်မှတ်ရေးထိုး မှတ်တမ်းထားရှိရမည်ဖြစ်ပါသည်။

## မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု

မဲပေးစက်မှ မဲရလဒ်များ ထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မည်လားဟု သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများကို ရေတွက်၍ မရဘူးလားဟုလည်း မေးခွန်းများ ရှိလာနိုင်ပါသည်။ မဲပေးစက်ကို တီထွင်ရခြင်း၏ ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်း ရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများ မရှိတော့စေရန်ဆိုသည့် အချက်လည်း ပါဝင်ပါသည်။ ယနေ့ခေတ်တွင် လူအား၊ အချိန်အား လျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံမဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿဖြစ်သွားပါမည်။ ဆန္ဒမဲလက်မှတ်များကို ရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာတင်သွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်ပါသည်။ **စာမျက်နှာ ၇ သို့** ✪

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၇ ရက်

သာ လိုတော့သည်။



## ဝေါမြို့နယ်၌ MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေး

ဝေါ စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဦးဆောင်၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ပတ်သက်၍ သိရှိစေရန် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း(ဝေါ)၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသီဟထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားကာ လက်တွေ့စမ်းသပ်သရုပ်ပြပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော် မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံ

မိတ္ထီလာ စက်တင်ဘာ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် မိတ္ထီလာခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များနှင့် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်၏ ပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသူများအား ကော်မရှင်အဖွဲ့ခွဲများ၏ စီစဉ်မှုဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များ၊ လျာထားမဲရုံ တည်နေရာနှင့် မဲဆန္ဒရှင်စာရင်းများအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစီစဉ်ဆောင်ရွက်သွားရမည့် အခြေအနေ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် MEVM စက်များအား ထုတ်ယူ၍ တပ်ဆင်စမ်းသပ်ခြင်းနှင့် လျာထားရက်အတွင်း မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ် MEVM ကြီးကြပ်မှုအဖွဲ့နှင့် နည်းပညာအထောက်အကူပြုအဖွဲ့များက စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အတွင်း MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များနှင့် နည်းပညာအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ် MEVM ကြီးကြပ်မှုအဖွဲ့ဝင်များနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

❂ စာမျက်နှာ ၆ မှ

ထို့အပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက်နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့် ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့်အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပါသည်။

### တိကျမှန်ကန်သော မဲရလဒ်များ

မဲပေးစက်၏လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေးရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ငါးခုရှိသည်ဆိုပါစို့။ နံပါတ် ၁ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကို နှိပ်ပါက နံပါတ် ၂ မီးလုံးလင်းပါမည်။ သူ့ခလုတ်နှင့် သူ့မီးလုံး မှန်မှန်ကန်ကန်လင်းအောင် လုပ်ထားပါမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှကြိမ်နှိပ်သည်ဆိုသည်ကို မှတ်ထားသည့် Memory စနစ်လေး ထည့်ထား

မဲရလဒ်စာရွက်ဖြတ်ပိုင်းပုံစံ



2025 General Election
Union Election Commission (UEC)
Myanmar
EVM Serail Number - 000007
Date = 18.11.2024
Time = 14:20:48
VOTING RESULT

| | |
|---|---|
| 1-Rambutan Party | = 1 |
| 2-Onion Party | = 1 |
| 3-Garlic Party | = 1 |
| 4-Kiwi Party | = 1 |
| 5-Cherry Party | = 1 |



လိုက်ပါသည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ်အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်ပါသည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှကြိမ်တိုးပေးပါဟု လုပ်၍မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အတိုင်းကိုပဲ စာရွက်တွင် ဖော်ပြပေးမည်ဖြစ်ပါသည်။

လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့် အကြိမ်အားလုံး ပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည် ဖြစ်ပါသည်။ မဲပေးစက်၏လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလိုအပြောင်းအလဲလုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက်သာဖြစ်မည်ဟု ယူဆမိပါသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ တူညီမှုရှိ၊ မရှိကို မဲပေးစက် အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်း အစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်ပါသည်။

### လက်တွေ့စမ်းသပ်မဲပေးခြင်း

မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲကျင်းပမည့် နေရာဒေသအလိုက် မဲဆန္ဒရှင်ပြည်သူများစွာက ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ လက်တွေ့ စမ်းသပ်မဲပေးစေခဲ့ရာတွင် မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်းမဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်းရေတွက်မှု အရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ်တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။ ထိုသို့အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်း အစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲများမည်သည့် မိမိဒေသ၊ မိမိရပ်ရွာ၏ အကျိုးကို မိမိတို့ကိုယ်စားတာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသော ပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်ပေးရခြင်းဖြစ်ပါသည်။ ဤသို့ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံ မဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ ရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များ ထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များ တိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်ပြီး လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ကယားပြည်နယ်ဝန်ကြီးချုပ် ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များပေးအပ် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုအားပေး



**လွိုင်ကော် စက်တင်ဘာ ၂၁**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လွိုင်ကော်မြို့၌ ယာယီနေရပ်စွန့်ခွာ ရောက်ရှိနေထိုင်လျက်ရှိသည့် ပြည်သူများ လတ်တလောနေထိုင်စားသောက်မှုအဆင်ပြေစေရေး၊ ပြန်လည်နေရာချထားရေးနှင့် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေး စနစ်တကျစီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ ရတနာသီရိပရိယတ္တိစာသင်တိုက်၌ ကုန်းသာကျေးရွာတွင် ပြန်လည်ဝင်ရောက်နေထိုင်ရန် ထပ်မံရောက်ရှိလာသည့် ပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများက လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနများအလိုက် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ယာယီနေရပ်စွန့်ခွာပြည်သူများသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်များနှင့် စားသောက်စရိတ်ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်ပြည်သူ့ဆေးရုံကြီးသို့တက်ရောက်ကုသမှုခံယူရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ညွှန်းပို့နိုင်ရေး စီမံဆောင်ရွက်ပေးရန်မှာကြားပြီး ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ သီရိဒေါနှစ်ခြင်း ခရစ်ယာန်အသင်းတော်ခန်းမဆောင် ဆက်ကပ်ချီးမွမ်းခြင်းနှင့် ဂုဏ်ပြုမိတ်ဆုံစားပွဲကို လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် သီရိဒေါနှစ်ခြင်း ခရစ်ယာန်အသင်းတော်ခန်းမဆောင်၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီဥက္ကဋ္ဌ သာသနာပိုင်ချုပ်စတီဗင်သန်းမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ အသင်းတော်အသီးသီးမှ ဓမ္မဝန်ဆောင်ဆရာတော်များ၊ အသင်းသူအသင်းသားများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရဆရာတော် ဒေါက်တာမျိုးဝင်းက ပဏာမကျမ်းစာဖတ်ကြားခြင်းနှင့် အဖွင့်ဆုတောင်းပြီး သီရိဒေါနှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ ကွာယာသီချင်း သီဆိုချီးမွမ်းကာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ပြည်နယ်အေးချမ်းသာယာရေးအတွက် ကျေးဇူးတော်ချီးမွမ်းသည်။

ဆက်လက်၍ လွိုင်ကော်နှစ်ခြင်းခရစ်ယာန်အသင်းတော်က ကွာယာသီချင်းသီဆိုချီးမွမ်းပြီး မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ သာသနာပိုင်ချုပ် စတီဗင်သန်းမြင့်ဦးက တရားဒေသနာ ဝေငှဟောကြားပြီး သီရိဒေါခရစ်ယာန်နှစ်ခြင်းအသင်းတော်မှ သင်းအုပ် သိက္ခာတော်ရ ဆရာတော် ဒေါက်တာခူးရယ်ကျော်ထူးက ကျေးဇူးတင် ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်က သီရိဒေါနှစ်ခြင်းအသင်းတော်သို့ အလှူငွေများကို ပေးအပ်ရာ သင်းအုပ်ဆရာတော် ဒေါက်တာခူးရယ်ကျော်ထူးက လက်ခံရယူပြီး လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ အလှူရှင်များက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ သိက္ခာတော်ရဆရာတော် ဒေါက်တာအေးမင်းက ခန်းမဆောင်နှင့် အသုံးအဆောင်များ ဆက်ကပ်ခြင်းနှင့် ဆုတောင်းခြင်း၊ လွိုင်ကော်နှစ်ခြင်း ခရစ်ယာန်အသင်းတော်မှ သင်းအုပ်သိက္ခာတော်ရဆရာတော် လားဘွယ်နေမှူးက ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များအတွက် ဆုတောင်းခြင်းများဆောင်ရွက်ကာ ညှော်သည်တော်များနှင့် တက်ရောက်လာသူများအားလုံးကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---




## လှိုင်းဘွဲမြို့နယ်၌ ဆောင်းမြေပဲစိုက်ပျိုးမည့်တောင်သူများအား သမဝါယမစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ကွင်းဆင်းတွေ့ဆုံ

**ဘားအံ စက်တင်ဘာ ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် သာယာကုန်းကျေးရွာရှိ ဆောင်းမြေပဲစိုက်ပျိုးမည့်တောင်သူများအား သမဝါယမစနစ်ဖြင့် ဆောင်ရွက်စိုက်ပျိုးနိုင်ရန် လိုအပ်သည့် ကူညီဖြည့်ဆည်းမှုများရရှိနိုင်ရေးအတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက သာယာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်တို့က သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ အထွက်တိုးမျိုးနှင့် လိုအပ်သည့် သွင်းအားစုများ ကူညီဖြည့်ဆည်းပေးမည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး ဆောင်းမြေပဲစိုက်တောင်သူ ၇၀ တက်ရောက်ကြကာ အဆိုပါတောင်သူများသည် လှိုင်းဘွဲမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေရယူပြီး လုပ်ငန်းဆောင်ရွက်နေသော ရွှေဝွန်းကျေးရွာဆီစက်လုပ်ငန်းရှင်များသမဝါယမအသင်းသို့ ၎င်းတို့စိုက်ပျိုးထွက်ရှိသောမြေပဲများကို ကုန်ကြမ်းအဖြစ် ဆက်သွယ်ရောင်းချလျက်ရှိသော တောင်သူများဖြစ်ကြောင်း သိရသည်။ ငွေကြယ်

---

## တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တိုက်ကြီး စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်မြင့်က သဘာပတိအဖြစ် ဆောင်ရွက်၍ အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမအသင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က အခြေခံသမဝါယမအသင်းများ၏ အစုပေါ်အမြတ်ငွေကျပ် ၅၃၃၀၀၀၀ ကို အသင်းအမှုဆောင်တစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## သဃ်န်းကျွန်းမြို့နယ် စိတ်အာဟာရစာကြည့်တိုက်၌ စားပွဲတင်တင်းနစ် ကွင်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်တွင် ယနေ့မွန်းလွဲ ၁ နာရီက စိတ်အာဟာရ စာကြည့်တိုက် ဒုတိယထပ်ရှိ စားပွဲတင် တင်းနစ်ကွင်းဖွင့်ပွဲကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်းက အမှာစကားပြောကြားပြီး စိတ်အာဟာရ စာကြည့်တိုက် ဥက္ကဋ္ဌ ဒေါ်အေးအေးစိုးက ကျေးဇူးတင်စကား ပြောကြားသည်။ စိတ်အာဟာရ စာကြည့်တိုက် အတွင်းရေးမှူး ဦးစည်သူအောင်က စားပွဲတင်တင်းနစ်ကွင်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

စားပွဲတင်တင်းနစ် ကွင်းသစ်ဖွင့်ပွဲသို့ သဃ်န်းကျွန်းခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာထွန်း၊ စာကြည့်တိုက် ဥက္ကဋ္ဌ ဒေါ်အေးအေးစိုး၊ ဆ/က ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ စာကြည့်တိုက် အတွင်းရေးမှူး ဦးစည်သူအောင်၊ အလှူရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မိုး (သဃ်န်းကျွန်း)

---

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ အားကစားလေ့ကျင့်ရုံနှင့် ဝါဆိုရိုးရာခြင်းပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီ အားကစားလေ့ကျင့်ရုံနှင့် ဝါဆိုရိုးရာခြင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် တိုင်းဒေသကြီး ခြင်းလုံးအားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရိုးရာခြင်းလုံးအားကစားဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဋ္ဌေးအောင်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ထက်တို့က အားကစားရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခြင်းလုံးမျိုးဆက်သစ်လူငယ်များက မြန်မာ့ရိုးရာခြင်းလုံးအမွေအနှစ်ကို ဖော်ထုတ်သည့်အနေဖြင့် သျှောင်ကြီးဗွေခြင်းဝိုင်း သရုပ်ပြသနေမှုကို ကြည့်ရှုအားပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်းအဖွဲ့နှင့် ခြင်းဝိုင်းသရုပ်ပြအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ညနေပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် (၄၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်း စင်တာ(MCC)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရိသတ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး (၄၈)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အသက်(၂၁) နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား(၆၀)ကီလို ကာယဗလပြိုင်ပွဲ၊ အမျိုးသား(၆၅)ကီလို ကာယဗလ ပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသား(၇၀)ကီလို ကာယဗလပြိုင်ပွဲ၊ အမျိုးသား(၇၅)ကီလို ကာယဗလပြိုင်ပွဲ၊ အမျိုးသား(၇၅)ကီလိုတန်းအထက် ကာယဗလပြိုင်ပွဲ၊ Athletic Physique (၁၇၀) စင်တီမီတာ ကာယကြံ့ခိုင်မှု ပြိုင်ပွဲ၊ အမျိုးသား Athletic Physique (၁၇၀) စင်တီမီတာအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား Sport Physique (၁၇၀)စင်တီမီတာ ကာယကြံ့ခိုင်မှု ပြိုင်ပွဲ၊ အမျိုးသား Sport Physique (၁၇၀)စင်တီမီတာ အထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား Fitness Physique ကာယကြံ့ခိုင်မှုပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသမီး Model Physique (၁၆၀)စင်တီမီတာ ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Model Physique (၁၆၀)စင်တီမီတာအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ကာယကြံ့ခိုင်မှုပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိကြသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၏ ဇနီးများက တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တံခွန်စိုက်ဆု ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးထိန်လင်း
# ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ရောက်ရှိပြီး လေ့ကျင့်အသုံးပြုလျက်ရှိသည့်ခုံများ သန့်ရှင်းစေရေး၊ မီးအလင်းရောင် လုံလောက်စွာရရှိစေရေးကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်သို့ ရောက်ရှိ၍ (25m RANGE) သေနတ်ပစ်ကွင်းရှိ အမိုးအကာကြံ့ခိုင်မှုအခြေအနေနှင့် ပစ်ခတ်စဉ်များ၊ စက်ပစ်ကွင်းအနေအထားများ၊ စားရိပ်သာသန့်ရှင်းသပ်ရပ်စွာထားရှိမှု အခြေအနေ၊ ချက်ပြုတ်ပြင်ဆင်ထားရှိမှု၊ ဒဂုံမြောက်ရေကူးကန်ရှိ ရေကူးကန်များ၊ မီးလိုင်းများ၊ သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံများနှင့် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ လေ့ကျင့်နေသည့်နေရာများ၊ စားရိပ်သာတို့၌ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေ၊ မီး၊ သန့်စင်ခန်းများ အဆင်ပြေစွာအသုံးပြုနိုင်စေရေး၊ လေ့ကျင့်ရေးပစ္စည်းများ ပြည့်စုံစွာရရှိစေရေး၊ ရေကူးကန်သို့ လာရောက်ရေကူးရာတွင် ရေကူးသူများနှင့် မိဘပြည်သူ များ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်စေရန် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆေးရုံဝင်းအတွင်း၌ စက်တင်ဘာ ၂၀ ရက်က မြို့နယ်ရဲစခန်းမှ ရဲတပ်ဖွဲ့မှူး ရဲအုပ် ရဲထွန်းအောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

သတင်းစဉ်



ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုး အနီးကပ်ကြီးကြပ်မှုဖြင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့မှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းစဉ်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

# တန့်ယန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**တန့်ယန်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများ၊ အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်ခဲ့သော ကျောင်းများနှင့် နေ့ထူးနေ့မြတ်အထိမ်းအမှတ် နေ့ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်အဆင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကား ပြောကြားသည်။

ယင်းနောက် နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသားကျောင်းသူ ခြောက်ဦး၊ အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သောကျောင်း သုံးကျောင်း၊ ဂုဏ်ထူးရအောင် သင်ကြားပြသပေးခဲ့သော ဆရာ ဆရာမ လေးဦး၊ နေ့ထူးနေ့မြတ် အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှု ကြည့်ရှုအားပေး



ပုသိမ် စက်တင်ဘာ ၂၁

၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး(ဇဟိုအဆင့်)ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ စခန်းသွင်းလေ့ကျင့်နေမှုများကို ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး(ဇဟိုအဆင့်)ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပုသိမ်တက္ကသိုလ်တွင် စခန်းသွင်းလေ့ကျင့်နေသည့် အခြေခံပညာ (၁၀-၁၅)(အမျိုးသား)၊ (အမျိုးသမီး) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် လေ့ကျင့်နေမှုကိုလည်းကောင်း၊ အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) စောင်း၊ အဆင့်မြင့်ပညာ (အမျိုးသား) ဂီတာ၊ အခြေခံပညာ(၁၅-၂၀) (အမျိုးသမီး) ဂီတာ၊ အခြေခံပညာ (၁၅-၂၀) (အမျိုးသား) တယော၊ အခြေခံပညာ (၁၅-၂၀) (အမျိုးသား) တစ်ဦးချင်းအက၊ အခြေခံပညာ (၁၀-၁၅) (အမျိုးသမီး) မဟာဂီတလေ့ကျင့်မှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အဆင့်မီမီ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ အမှတ်(၉)ရပ်ကွက်ရှိ ဓမ္မဝါစီ ဓမ္မာရုံကြီးနှင့် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် ရပ်ကွက်နေပြည်သူများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၊ မသန်စွမ်း အသက်(၁၈)နှစ်ပြည့်ပြီးသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာရင်းရေးသွင်းရာတွင် ပြည်သူတစ်ဦးချင်းစီ၏ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ တိုက်ဆိုင်စစ်ဆေးရမည့် အချက်အလက်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသီဟကျော်၊ စခန်းမှူး ဒုရဲမှူးတင်နိုင်ဇော်နှင့် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်နိုင်ဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် ကျုံစောက်ကျေးရွာရှိ ကျုံစောက်ဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်ရှိ အမကကျောင်း အတွင်းနှင့်အပြင်တို့တွင် ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)မှ တပ်ဖွဲ့စုမှူး ရဲမှူးနိုင်ထွန်းလှိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခိုင်ထူး(ပြန်/ဆက်)

# ကညွတ်ကွင်းမြို့နေ ပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေး

ဖြူး စက်တင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းမှ စတင်ကာ ကညွတ်ကွင်းတိုက်နယ်ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူများအား နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးသည်။



ထိုသို့ကုသပေးရာတွင် မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုး ဦးဆောင်၍ အထွေထွေရောဂါကုသမားတော်၊ ကလေးအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ သားဖွားမီးယပ်အထူးကု၊ အရိုးအကြောအထူးကု၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများက စုစုပေါင်းဆေးကုသမှု ခံယူသူ ၃၈၂ ဦးခန့်အား ကုသပေးခဲ့ကြောင်းနှင့် အဆိုပါ ကျန်းမာရေးစောင့်ရှောက် ကုသပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

■

# ကော့မှူးမြို့နယ်၌ သက်ကြီးအဘွားများအား ထောက်ပံ့ငွေများ ပေးအပ်

ကော့မှူး စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်ကျေးရွာတွင် တွံတေးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် သက်ကြီးအဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထော် (မ)ကျေးရွာ AT ခန်းမ၌ ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဇာဇာယမင်းဦးက သက်ကြီးအဘွားများအား ထောက်ပံ့ငွေများပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ သက်ကြီးအဘွားများအား တစ်ဦးလျှင် ငွေကျပ်၈၀၀၀၀ နှုန်းဖြင့် တွံတေးခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့်အဖွဲ့တို့က အဘွားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ကျော်သူရ(ကော့မှူး)

# အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်း ဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းက ကြီးမှူးကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပရာ ကျောက်တံတားခရိုင် အထွေထွေ



အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထက်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ AML/ CFT သင်တန်းအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောပို့ချရာ သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များနှင့် သင်တန်းဆရာများက သင်တန်းသား သင်တန်းသူ ၁၀၀ ကျော်တို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

မျိုးမင်းသူရ

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# သာယာဝတီမြို့နယ်၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ



**သာယာဝတီ စက်တင်ဘာ ၂၁**

သာယာဝတီမြို့နယ် သုံးဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို (၁၀)ကြိမ် ကျင်းပပေးသွားမည်ဖြစ်ပြီး ယနေ့စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သည် (၅)ကြိမ်မြောက် ကျင်းပပေးခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီတို့ ပူးပေါင်း၍ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန်၊ အသိပညာအတတ်ပညာများ အလွယ်တကူ ဆည်းပူးလေ့လာနိုင်စေရန်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာများကို ကြိုးစားလေ့လာသင်ယူရင်း ဗဟုသုတရရန် စာပေများကို ဖတ်ရှုလေ့လာကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာယာဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာကြီးများ ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။ ၎င်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သုတ/ရသစာအုပ်အရောင်းဆိုင်များ၊ ဉာဏ်စမ်းပြိုင်ပွဲများ၊ ဘက်စုံအားကစားပြိုင်ပွဲများ၊ အဆို၊ အတီးစွမ်းရည်ပြပွဲများ၊ ပညာရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြင်ဦးလွင်မြို့နယ်၌ ကျွဲနွားထောက်ကျေးရွာ "ပညာရောင်ခြည်" စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာတွင် ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

ဦးစွာ ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး၊ ပြင်ဦးလွင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးအောင်မြင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ပညာရောင်ခြည်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်မှူးက လက်ခံရယူပြီး စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သထုံမြို့ ၌ လူငယ်စကားဝိုင်း ကျင်းပ

**သထုံ စက်တင်ဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးဦးတို့က လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ရည်မှန်းချက်၊ မိမိအနှစ်သက်ဆုံးစာအုပ်တစ်အုပ်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ အထက(၄)သထုံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ဂျီအီးစီ(ပညာရေး)သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ထူးချွန်ဂုဏ်ပြုပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁၀) ရပ်ကွက် မေတ္တာလမ်းရှိ မြို့နယ်သမဝါယမအသင်းစုခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ(ပညာရေး) သမဝါယမအသင်းလီမိတက်၏ဥက္ကဋ္ဌ ဦးခင်ညိုဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌက အသင်းသားများအား အကျိုးအမြတ်ခွဲဝေ ငွေကျပ် သိန်း ၄၁၀ ဒသမ ၂၀ အားပေးအပ်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်အောင်မြင်သော အသင်းသားများ၏ သား သမီးများအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ခေတ္တမြို့နယ်မှူး ရဲမှူးအောင်မင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထွန်းအောင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးနေထွန်းတို့ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မြို့နယ်ပြည်သူ့ဆေးရုံကြီး အတွင်း၊ အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်း ကျင်းပ

**အုတ်တွင်း စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက်ပိုင်းကပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဆောင်းပါးရှင် ကျော်ကိုကိုသွေး ရေးသားသည့် "စာသင်ကျောင်း၏တန်ဖိုး" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်း ကျင်းပပြုလုပ်သည်။



အဆိုပါ စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းကျင်းပ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ချို (စာရေးဆရာ ခင်မောင်ချို -ကညွတ်ကွင်း ) က လူ့အရင်းအမြစ်တို့ မွေးထုတ်ပေးရာဌာနတစ်ခုလည်း ဖြစ်သည်ဟု ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေရန် အတွက်ရည်ရွယ်၍ စာအုပ်စာစောင်ပြပွဲနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## လမ်းမတော်မြို့နယ်၌ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး Community centre ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေချစ်သူပရိသတ်များက စာရေးဆရာ မောင်ရိုး(ငဖဲ)ရေးသားခဲ့သည့် လွမ်းရတမ်းတပ္ပါ ငဖဲမြေ စာအုပ်ကို စာရေးဆရာမ နန်းဟင်းပြင်းကလည်းကောင်း၊ စာရေးဆရာမ မိုးမိုးသင်း (ပတ္တမြားမြေ)ကလည်းကောင်း၊ စာရေးဆရာ မင်းဆက်ပိုင်ကလည်းကောင်း၊ စာရေးဆရာမ ပေါက်ပေါက်က လည်းကောင်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၁

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀) ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နေ မ-----၊ ၂၀နှစ်၊ မ-----၊ ၁၈ နှစ်နှင့်၊ မ-----၊ ၁၆ နှစ်တို့ကို ၎င်းတို့ ကျိုင်းတုံမြို့ရှိ Bar များတွင် အလုပ်လုပ်ခဲ့စဉ်က ခင်မင်ခဲ့သည့် ကျိုင်းတုံမြို့နယ် နောင်ကုန်းအုပ်စုနေ ကဗျာမေ(ခ)နာသဲနဲ ၁၆/၂၀၂၅ နှစ်က မိုင်းယောင်းမြို့တွင် ကုမ္ပဏီသူဌေး တရုတ်နိုင်ငံသားများက ကောင်မလေးခေါ်နေကြောင်း၊ တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်ပါက တစ်လလျှင်ယွမ် ၁၅၀၀၀/ ၂၀၀၀၀ ခန့်ရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုသဖြင့် သဘောတူခဲ့ကြောင်း၊ ၎င်းတို့သုံးဦးကို ကဗျာမေ(ခ)နာသဲနဲနှင့် ခင်ပွန်း အားဘာတို့က မိုင်းပေါက်မြို့နေ ဂျော်နီ (ခ)ဂျော်လီ၊ ၁၇/၂၀၂၅ နှစ်ထံ ပို့ဆောင်ခဲ့ကြောင်း၊ ဂျော်နီ(ခ)ဂျော်လီက အထူးဒေသ(၂) မိုင်းပေါက်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျိုင်းတုံမြို့မရဲစခန်း(ပ) ၆၂/၂၀၂၅နှင့် (ပ) ၆၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ၃၈(က)/၄၄တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက်တွင် ကလေးသူငယ်တရားခံ ကဗျာမေ (ခ)နာသဲနဲနှင့် ဂျော်နီ(ခ)ဂျော်လီ တို့နှစ်ဦးကို ကျိုင်းတုံမြို့နယ် တရားရုံးမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၈၈(ဂ)အရ အမှုတစ်မှုချင်းစီအတွက် အလုပ်မဲ့ထောင်ဒဏ် သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံအားဘာကို ကျိုင်းတုံခရိုင်တရားရုံးမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈ (က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နေ မ-----၊ ၂၀/၂၀၂၅ နှစ်သည် ဗန္ဓုလပန်းခြံသို့ သွားရောက်လည်ပတ်ရာ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နေ မခင်လှရီ(ခ)မရှည်က လာရောက်မိတ်ဆက်ပြီး တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယား အဖြစ်လုပ်ကိုင်ပါက ငွေကျပ် သိန်း ၅၀ ရမည်၊ စရိတ်ကုန်ကျခံ၍ ပို့ဆောင်ပေးမည်ဟုစည်းရုံးပြောဆို၍ မြောက်ဥက္ကလာပမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် နေထိုင်စေခဲ့ကြောင်း၊ လေးရက်ခန့်အကြာ လှိုင်သာယာမြို့နယ် ရွှေဥက္ကံရပ်ကွက်နေ မသဲအိကျော်(ခ)သဲသဲက တစ်ရပ်ကွက်တည်းနေ မ-----၊ ၁၇ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တည်းခိုခန်းသို့ လာရောက်ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို မခင်လှရီ (ခ)မရှည်က တရုတ်နိုင်ငံသို့ပို့ဆောင်ရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ) ၈၈/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် အောင်မြေသာစံခရိုင် တရားရုံးမှ တရားခံ မခင်လှရီ(ခ)မရှည်နှင့် မသဲအိကျော်(ခ) သဲသဲတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၆၉)ဒီဂရီဖာရင်ဟိုက်မှ (၇၈)ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၇၉) ဒီဂရီဖာရင်ဟိုက်မှ (၈၈)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၈၉)ဒီဂရီဖာရင်ဟိုက်မှ (၉၈) ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၅၈)ဒီဂရီဖာရင်ဟိုက်မှ (၆၉) ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် (၇၀)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း) တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၂၀) မီလီမီတာမှ (၃၁) မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် (၃၂) မီလီမီတာမှ (၄၃) မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးတွင် (ခြောက်သွေ့)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီး ရှိနိုင်သည်။

မိုး/ဇလ

❖ ကျောဖုံးမှ

လည်းကောင်း ယနေ့ညမှ ၂၆-၉-၂၀၂၅ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။





**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ပြန်လည်ဖွဲ့စည်းရန်လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ပြောကြား



**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာက လာမည့်ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ပြန်လည်ဖွဲ့စည်းရန်လိုအပ်သည်ဟု ပြောကြားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

အီရှီဘာသည် စက်တင်ဘာ ၂၃ ရက်မှစပြီး နယူးယောက်မြို့သို့ သွားရောက်ရန် စီစဉ်ထားသည်။

**ရလဒ်ထွက်ပေါ်ခြင်းမရှိ**

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများကို အပ်နှင်းထားသည့် ဗီတိုအာဏာသည် အင်အားကြီးနိုင်ငံများကြား ထိပ်တိုက်တွေ့ဆုံမှုများကို ဟန့်တားရန်အတွက်သာဖြစ်ကြောင်းနှင့် အချို့သောကိစ္စရပ်များတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူညီသော်လည်း အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည့် အခွင့်အရေးရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ငန်းကိစ္စများဆောင်ရွက်ရာတွင် ရလဒ်ထွက်ပေါ်ခြင်းမရှိကြောင်း ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအရေအတွက် တိုးချဲ့ခြင်းအပါအဝင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် အီရှီဘာက ပြောကြားရန် ရည်ရွယ်ထားသည်။

အရှေ့အလယ်ပိုင်း အခြေအနေများနှင့်ပတ်သက်ပြီး ဂါဇာမြို့တော်၌ အစ္စရေး၏မြေပြင်စစ်ဆင်ရေးကို ရှုတ်ချပြောကြားသည်။

ဂျပန်သည် ပါလက်စတိုင်းကို နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုမည်ဖြစ်ကြောင်းငင်းကဆက်လက်ပြောကြားသည်။

ထို့ပြင် ပါလက်စတိုင်းအစိုးရ၏ အုပ်ချုပ်ရေးကို ပိုမိုအားကောင်းစေရန်နှင့် ဟားမတ်စ်အဖွဲ့ကို လက်နက်ဖြုတ်သိမ်းရန်လည်း တိုက်တွန်းမည်ဖြစ်ကြောင်း ဝန်ကြီးအီရှီဘာက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ဇူလိုင်နှင့် ဩဂုတ်လအတွင်း တောင်တက်ခြင်းကြောင့် မတော်တဆမှု ဖြစ်ပွားသူဦးရေ ၉၁၇ ဦးရှိ

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံတစ်ဝန်း၌ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တောင်တက်ခြင်းကြောင့် မတော်တဆမှုဖြစ်ပွားသူဦးရေ ၉၁၇ ဦး ရှိပြီး နွေရာသီ တောင်တက်ရာသီအတွက် စံချိန်သစ်တင်ခဲ့ကြောင်း ဂျပန်ရဲအရာရှိများက ပြောကြားသည်။

အဆိုပါ ကိန်းဂဏန်းသည် ယမန်နှစ် အလားတူကာလကထက် ၁၈၁ ဦးတိုးလာသည့်အပြင် ၁၉၆၈ ခုနှစ်တွင် တောင်တက်ခြင်းကြောင့် ဖြစ်ပွားသည့် မတော်တဆမှုစံချိန်ထက် ပိုမိုများပြားကြောင်း အေဂျင်စီက ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုဖြစ်ပွားသူ ၉၁၇ ဦးအနက် ၄၈ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိသည်။

အသက် ၅၀ အရွယ်ရှိသည့် တောင်တက်သမား ၁၉၀ ရှိပြီး အသက် ၆၀ နှင့် ၇၀ အကြား ၁၆၆ ဦးရှိသည်။ အဆိုပါ အသက်အရွယ်အုပ်စုသည် တောင်တက်သမားအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။

တောင်တက်သမား ၂၁၆ ဦးမှာ ပြုတ်ကျခဲ့ပြီး ၁၇၁ ဦးမှာ လမ်းပျောက်ခဲ့သူများ ဖြစ်ကြောင်း ရဲအရာရှိများက ပြောကြားသည်။

ထို့ပြင် အခြားသော တောင်တက်သမားများက ဖျားနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် လမ်းချော်ကျခြင်းတို့ ဖြစ်ခဲ့ကြောင်း သိရသည်။ မတော်တဆမှုဖြစ်ပွားခဲ့သည့် တောင်တက်သမားများသည် လုံလောက်သော အသိပညာနှင့် အတွေ့အကြုံမရှိသည့်အပြင် တောင်မတက်မီ ရာသီဥတုဆိုင်ရာ အချက်အလက်များကို စစ်ဆေးရန် ပျက်ကွက်ခဲ့ကြောင်းနှင့် တောင်တက်ခြင်းအတွက် သင့်လျော်သောအဝတ်အစား၊ အသုံးအဆောင်များ မယူဆောင်ခဲ့ကြောင်း ရဲအရာရှိများက ဆက်လက်ပြောကြားသည်။

ဆောင်းဦးရာသီတွင် တောင်တက်ရန် စီစဉ်သူများအား ဆက်သွယ်ရေးကိရိယာများနှင့် အခြားပစ္စည်းများ အပြည့်အဝ ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ရဲတပ်ဖွဲ့က တောင်းဆိုထားသည်။

တောင်တက်သမားများသည် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအတွက် တောင်တက်အစီအစဉ်များ ချမှတ်ရာတွင် ရာသီဥတုအခြေအနေနှင့် ၎င်းတို့၏ ကိုယ်ကာယစွမ်းအားကို ထည့်သွင်းစဉ်းစားရန် အကြံပြုထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အင်ဒိုနီးရှားနိုင်ငံရှိ ကျေးရွာသမဝါယမ အသင်းများအား ထောက်ပံ့ငွေပေးမည်

**ဂျကာတာ စက်တင်ဘာ ၂၁**

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်အတွင်း ကျေးရွာသမဝါယမအသင်း ၂၀၀၀၀ ကို ထောက်ပံ့ငွေပေးမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီး ဖယ်ရီ ဂျူလီယန်တိုနိုက ပြောကြားသည်။

နိုင်ငံအတွင်းဇူလိုင်လက ကျေးရွာသမဝါယမအသင်း ၈၀၀၀၀ ကို တည်ထောင်ခဲ့ကာ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

သမဝါယမအသင်းတစ်ခုချင်းအတွက် မတည်ငွေရူပီးယား ၃ ဘီလီယံကို ပေးအပ်ကာ ယင်းမတည်ငွေသည် သမဝါယမအသင်းများအတွက် သိုလှောင်ရုံများတည်ထောင်ခြင်း၊ ထရပ်ကားဝယ်ယူခြင်းနှင့် အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုရန်ဖြစ်ကြောင်း သိရသည်။

အစိုးရသည် လက်ရှိအချိန်တွင် သမဝါယမအသင်းများအတွက် မတည်ငွေများပေးအပ်နိုင်ရန်အတွက် စည်းမျဉ်းများရေးဆွဲနေကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်တွင် မတည်ငွေများရရှိရန်အတွက် သမဝါယမအသင်း ၁၀၆၄ ခုက နိုင်ငံပိုင်ဘဏ်သို့ အဆိုပြုလွှာများတင်ခဲ့ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံအား အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ ဘီလီယံ ထောက်ပံ့

**ရီယာ့ဒ် စက်တင်ဘာ ၂၁**

ဆော်ဒီအာရေဗျနိုင်ငံက ယီမင်နိုင်ငံ၏ စီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆော်ဒီရီယယ် ၃၆၈ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ ဘီလီယံ) တန်ဖိုးရှိ စီးပွားရေးအကူအညီ အစီအစဉ်သစ်ကို ယမန်နေ့တွင် ကြေညာခဲ့သည်။

**ရည်ရွယ်ထား**

ယီမင်နိုင်ငံအတွက် ဆော်ဒီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအစီအစဉ်သည် ယီမင်နိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးတည်ငြိမ်မှုတို့ကို အားကောင်းစေရန် ရည်ရွယ်ထားကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ထောက်ပံ့ရေးအစီအစဉ်တွင် ယီမင်အစိုးရအတွက် ဘတ်ဂျက်ထောက်ပံ့မှု၊ ရေနံထွက်ပစ္စည်းအတွက် ထောက်ပံ့မှုများနှင့် အေဒင်ပြည်နယ်ရှိ မင်းသားမိုဟာမက် ဘင်ဆေလ်မန်ဆေးရုံ လည်ပတ်စရိတ်များအတွက် ရန်ပုံငွေများ ပါဝင်သည်။

ယခုပံ့ပိုးကူညီမှုသည် ယီမင်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အားကောင်းလာစေရန်နှင့် ယီမင်ပြည်သူများအတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဟားမတ်စ်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများ၏ ဓာတ်ပုံများကို ထုတ်ပြန်

**ဂါဇာစီးတီး စက်တင်ဘာ ၂၁**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့ဝင်များက မြေပြင်စစ်ဆင်ရေးများ လုပ်ဆောင်နေချိန်တွင် ဟားမတ်စ်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများ၏ ဓာတ်ပုံများကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဟားမတ်စ်က အစ္စရေး၏ လှုပ်ရှားမှုကိုဆန့်ကျင်သည့် အနေဖြင့် ယင်းသို့ ထုတ်ပြန်ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင် မြောက်ဘက်ရှိ ဂါဇာစီးတီးမြို့ကို သိမ်းပိုက်ရန် ရည်ရွယ်ပြီး စစ်ဆင်ရေးများကို မြှင့်တင်လျက်ရှိကြောင်း စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ဥမင်လိုဏ်ခေါင်းများနှင့် စနိုက်ပါတိုင်များအပါအဝင် ဟားမတ်စ်၏ အခြေခံအဆောက်အအုံအများအပြားကို ဖြိုချခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဓားစာခံ ၄၀ ကျော်၏ မျက်နှာများကို ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အစ္စရေးက ဂါဇာစီးတီးမြို့တော်အတွင်း နေထိုင်သူအားလုံးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် တောင်းဆိုလျက်ရှိရာ ပြည်သူများက တောင်ဘက်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

သို့သော် အစ္စရေးနိုင်ငံ တောင်ပိုင်းရှိ လူသားချင်းစာနာထောက်ထားမှုဇုန်တွင်လည်း ရေ၊ စားနပ်ရိက္ခာနှင့် ယာယီအိမ်ရာများကဲ့သို့သော အခြေခံလိုအပ်ချက်များ ပြတ်တောက်နေကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ရေးပစ္စည်းများ ပြတ်တောက်လျက်ရှိခြင်းမှာ အစ္စရေး၏ တိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်း ဂါဇာအာဏာပိုင်များက ပြောကြားသည်။ အစ္စရေး၏ စစ်ဆင်ရေးကိုရပ်တန့်ရန် နိုင်ငံတကာအသိုက်အဝန်းအား ၎င်းတို့က တောင်းဆိုလျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တို့တွင် လယ်ဝေးမြို့နယ် အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ဘားအံမြို့ သာယာကုန်းကျေးရွာအနီး ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၈ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၅၄၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့ အိန္ဒုကျေးရွာ ရွှေသရက်ပင်ကြီး စားသောက်ဆိုင်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၂ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၉၁၀၆၅၀၀) ကိုလည်းကောင်း၊ ဘားအံမြို့ ထီးပို့ကလို့ကျေးရွာအနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၉၂၇၄၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၅၃၆၈၇၉၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ဘုရားကြီးမြို့နယ် အတွင်း၌ တရားမဝင်သစ်မာ သုည ဒသမ ၈၃၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၅၆၇၉၃၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့နောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ရှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် ရပ်စောက်မြို့နယ် ကောင်းဘို့ ကျေးရွာအနီး၌ ယာဉ် ၂၂ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၆၉၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၄၅ မျိုး၊ စားသောက်ကုန်ပစ္စည်း ၄၅ မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၄၅၅၆၄၄၅၀၉၂ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ၁၀ စီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Profia Truck လေးစီး၊ Mitsubishi Canter Truck နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရွှင်မြို့နယ် မြို့ကြီးကျေးရွာအနီး၌ ယာဉ် ၁၃ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၃၄ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၁၈၈၉၆၆၉၉ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Charm Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Doh Shwe Myanmar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Man Tractor Head တစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Nissan UD Tractor Head တစ်စီး၊ Gemlyon Tractor Head တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၀ တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၁၇ ရက်တွင် ပင်လုံမြို့ ရပ်ကွက်(၂)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ပင်လုံ-လဲချားသွား ကားလမ်း မိုင်တိုင်အမှတ်(၂/၁) နှင့် (၃/၀)အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟိုပုံးမြို့နယ် အတွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေ ၇၃၀၃၂၅၆၇၉၁ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၂၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ လိုင်စင်မဲ့ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၆၂၅၂၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများအနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃၆ မှု (ခန့်မှန်းတန်ဖိုးငွေ ၈၈၄၄၃၃၇၈၂၇ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်း များကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအားဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့်ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၉-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမဂျင်္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ တူတူပဲသွားပေးကြစို့ (မိုးယံဇွန်၊ နန်းဆုရတီစိုး၊ ရတနာမိုင်၊ သရုပ်ဆောင်-ထွန်းကိုကို၊ ယွန်းယွန်း၊ သဉ္ဇာ)
- ၀၉:၃၀ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ရုပ်ထဲမှာဘယ်သူရှိလဲ (အက်စတားဒိုရှင်းဆုန်)
- ၁၁:၃၀ ဘဝနှင့်အနုပညာ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) "ဟန်ဆောင်အပြုံးနဲ့အမုန်း" (အပိုင်း-၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ "တော" (အပိုင်း-၁၅)
- ၁၅:၃၀ The Sports Editors's Top Picks Of This Week
- ၁၆:၃၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interest
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) "ဟန်ဆောင်အပြုံးနဲ့အမုန်း" (အပိုင်း-၁၃)
- ၁၉:၅၀ မဲပေးစို့(မနော)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တရုတ်" "မုန်တိုင်းတစ်ခုရဲ့နှိုးဂိုး" (အပိုင်း-၃၉) (ဇာတ်သိမ်းပိုင်း)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Travelogue: Trekking Around Kalaw Township
- 07:23 Home for the Beautiful Star Tortoises
- 07:42 Global Updates; Portrait of a 10-year-old African activist
- 08:01 News
- 08:26 Global Updates; Portrait of a 10-year-old African activist
- 08:33 Myanmar Childhood Games (Episode-1)
- 08:41 The Tasty Creator
- 09:01 Myanmar Music Icon: Myanmar Legendary Singer Sithu Tin Tin Mya (Ep-4)
- 09:20 Mushroom Farming
- 09:45 Inlay Traditional Lotus Fabric
- 10:01 News
- 10:26 Topical Topics: Let's Make Fragrant Grilled Fish

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက (ကယား)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ "အတ္တဝေဒ" (အပိုင်း-၁၂)
- ၀၇:၄၅ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ဂုဏ်ပြုအစီအစဉ် "ငြိမ်းချမ်းရေး အလင်းရောင်" တေးဂီတဖျော်ဖြေပွဲ
- ၀၉:၃၀ ကာတွန်း "ပါးကွက်ကြောင်ဝံနှင့်တားခွန်း" (အပိုင်း-၁)
- ၀၉:၄၅ စတီရီယိုတေးများ
- ၁၀:၀၅ မြန်မာရုပ်ရှင်(ပြူမည်း) "ပန်းပန်လျက်ပါ"

### MRTV NRC

- **ဝကေကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကင်းမွှန်ငါးကောက်ညှင်းအစာသွပ်
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** စဥ်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** ပြည်တွင်းခရီးသွားများအကြားလူသိများလာသည့် ထွန့်ပတိုင်ရေကန်နှင့်ဘားအံမြို့မှခရီးသွားနေရာများ
- **ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)** ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း
- **ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)** အဲ့ပွယ်ရုံးပတီသီးအစွမ်း
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** မွန်ဘာသာစကားပြောကြရအောင်(အသီးအငေါ်အဝါ)
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** အဆိုတော်ကြီးဖြစ်ချင်သူ (မေသူကျော်)
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** မုန်ရွာကြီးဆီကိုသွားလည်ကြမယ် (အပိုင်း-၁)
- **ဝ (၁၇:၀၀ မှ ၁၉:၀၀)** ချင်းနှင့်ကျန်းမာရေး
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** စားချင်စဖွယ်ကချင်ဆာဖြယ်
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** မြင်တွေ့စေချင်ကယားတို့ဌာနေ (ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားရွာ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးရှားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၄၅ Football Highlights

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "ထိုင်းနိုင်ငံ"
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တောင်းပန်ပါတယ်"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ "ဗီယက်နမ်နိုင်ငံ"
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "ကိုရီးယားနိုင်ငံ" (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၇)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၂ Garden Tour July 2023
- ၁၉:၃၀ World Wide Wave Ep (6)
- ၂၀:၀၀ ငရဲငဆားဘကျော် (ဇာတ်လမ်း)
- ၂၂:၀၀ Dream Girl.2019.mpg (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၅ This Sports Editor's Top Picks of this Week
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U19 Futsal Youth League 2025 (Week-6) (Pacific San Far Vs Futsal Chit Thu)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကျဉ်းထောင်များနှင့်ပတ်သက်၍ မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့

**နေပြည်တော် စက်တင်ဘာ ၂၁**

မုံရွာအကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦး အသက်ရှူကျပ်အမောဖောက်စဉ် အကျဉ်းဦးစီးဌာနက ဆေးကုသပေးရန်နှင့် ဆေးရုံပို့ပေးရန် ငြင်းဆန်သဖြင့် သေဆုံးသည်ဟု Khit Thit Media အမည်ခံ Facebook Page က စက်တင်ဘာ ၄ ရက်တွင် မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့သည်။

အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍ မရှိဘဲ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ အကျဉ်းသား ဇော်မင်းဦး (ဘ)ဦးလှငွေသည် လျှပ်စစ်မီးကြိုးခိုးယူမှု ပပက ၆(၁)ဖြင့် ထောင်ဒဏ် ခုနစ်နှစ်ကျခံနေရသော အကျဉ်းသားဖြစ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစာမကြေသကဲ့သို့ ဖြစ်ခြင်း၊ ရင်ညွန့်နေရာမှ အောင့်ခြင်း၊ ဆီးအရောင်ဝါခြင်းစသည့် ရောဂါလက္ခဏာများ ခံစားနေရခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အကျဉ်းထောင်ဆေးခန်းသို့ လာရောက်ပြသသဖြင့် အကျဉ်းထောင် ဆရာဝန်က စမ်းသပ်စစ်ဆေးခဲ့ရာ အဖျားမရှိခြင်း၊ သွေးပေါင်ချိန်၊ သွေးခုန်နှုန်း ပုံမှန်ဖြစ်ခြင်း၊ ရင်ညွန့်နေရာတွင် လက်ဖြင့်ဖိစမ်းသပ်ပါက အနည်းငယ်နာသည်မှလွဲ၍ ကျန်အစိတ်အပိုင်းအားလုံး ပုံမှန်ဖြစ်ခြင်း၊ လူနာ၏ ရာဇဝင်နှင့် စမ်းသပ်စစ်ဆေးခြင်းများအရ အစာအိမ်ရောင်ခြင်းနှင့် အသည်းအနည်းငယ် ရောင်ခြင်းဖြစ်သဖြင့် လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် အကျဉ်းသားမှ ရုတ်တရက်မောကျပ်ခြင်းကြောင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

အကျဉ်းသားလူနာသည် စက်တင်ဘာ ၃ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် ဆေးကုသမှုခံယူလျက်ရှိရာမှ နှလုံးကြွက်သား လျော့တွဲအားနည်းရောဂါကြောင့် ရုတ်တရက် နှလုံးခုန်ရပ်တန့်၍ သေဆုံးသွားသဖြင့် ၎င်း၏ မိသားစုဝင်များထံသို့ အကြောင်းကြားပြီး မိသားစုဝင်များနှင့်အတူ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

Khit Thit Media က ဖော်ပြထားသကဲ့သို့ ဆေးဝါးကုသခွင့်မရ၍ သေဆုံးရသည့် သေဆုံးအကျဉ်းသားများ လစဉ်ပိုမိုတိုးလာသည်မှာ မှန်ကန်မှု မရှိကြောင်း၊ ထို့ပြင် အကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမရှိကြောင်း၊ LGBT အကျဉ်းသားအချို့အပေါ် အကျဉ်းဦးစီးဌာနမှ လက်သပ်မွေးထားသည့် ရာဇဝတ် အကျဉ်းသားများက လိင်ပိုင်းဆိုင်ရာ စော်ကားသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

အကျဉ်းထောင်ဆေးခန်းတွင် ဆေးဝါး အပြည့်အစုံဖြင့် ကုသပေးလျက်ရှိပြီး သက်သာမှုမရှိပါက ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ အကယ်၍ အကျဉ်းသားများ သေဆုံးမှုရှိပါက မိသားစုထံ ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မည်သည့် အကျဉ်းသားကိုမဆို ခွဲခြားဆက်ဆံမှုမပြုရန် နှိပ်စက်ညှဉ်းပန်းမှုများမရှိအောင် တာဝန်ရှိသူအဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ Mizzima News in Burmese အမည်ခံ Facebook Page က ဘားအံ အကျဉ်းထောင်တွင်နိုင်ကျဉ်း ၁၁ ဦး သုံးလကြာတိုက်ပိတ်ခံထားရပြီး တစ်ဦးသေဆုံးသည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့သည်။

ဘားအံအကျဉ်းထောင်တွင် ဇွန် ၁၄ ရက်က ရှာဖွေရေးပြုလုပ်ရာတွင် အကျဉ်းသားသူရအောင်(ဘ)ဦးမြင့်သိန်း ပိုင်ဆိုင်သည့် keypad ဖုန်း တစ်လုံး၊ အားသွင်းကြိုးတစ်စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ထိုသို့ သိမ်းဆည်းရမိခဲ့သည့်အတွက် အကျဉ်းသား သူရအောင်(ဘ) ဦးမြင့်သိန်းအား အကျဉ်းထောင်အက်ဥပဒေ ပုဒ်မ-၄၂ ဖြင့် ဘားအံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကာ မြို့နယ်တရားရုံးမှ ပြစ်ဒဏ် ၆ လ ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အမှတ်(၁)အိပ်ဆောင်မှ အကျဉ်းသား သုံးဦး၊ အမှတ်(၄)အိပ်ဆောင်မှ အကျဉ်းသား ၁၀ ဦး ဦးဆောင်သူ စုစုပေါင်း ၁၃ ဦးတို့ကို အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၁၈ အရ သီးခြားခွဲခြားထားရှိခြင်း၊ အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၃၈ အရ သာမန်လျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၄၇ အရ အထူးလျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင် နည်းဥပဒေအပိုဒ် ၈၄၂ အရ တစ်နှစ်ပတ်လုံး စည်းကမ်းကောင်းမွန်စွာနေထိုင်သည့် ဆုမှတ် ၁၅ ရက် ဖြတ်တောက်ခြင်း စသည့် ပြစ်ဒဏ်များကို အကျဉ်းထောင်နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ပြီး မည်သည့်အကျဉ်းသားတစ်ဦးတစ်ယောက်ကိုမျှ ရိုက်နှက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဘားအံအကျဉ်းထောင်တွင် အကြမ်းဖက်-၅၂(က) အရ ထောင်ဒဏ် ခုနစ်နှစ် ကျခံလျက်ရှိသည့် အကျဉ်းသား ဉာဏ်မင်းထွန်း(ဘ)ဦးသန်းထွန်းသည် အကျဉ်းထောင်အတွင်း၌ နေထိုင်စဉ် နှလုံးသွေးကြောကျဉ်း၊ အဆုတ်ပိုးဝင်ခြင်း၊ ဝမ်းပျက်ခြင်း၊ နှလုံးကြွက်သား အားနည်းခြင်း ရောဂါဝေဒနာများ ခံစားခဲ့ရသဖြင့် အကျဉ်းထောင်ဆရာဝန်က လိုအပ်သော ဆေးဝါးများဖြင့် ဆေးဝါးကုသပေးခဲ့သည်။

ယင်းအကျဉ်းသားသည် ပြင်ပတွင် နေထိုင်စဉ်ကပင် နှလုံးသွေးကြောကျဉ်းရောဂါကို ကာလကြာရှည်စွာခံစားနေသူ၊ အဝလွန်ကဲသူဖြစ်သည့်အတွက် အကျဉ်းထောင်သို့ ရောက်ရှိချိန်တွင် အကျဉ်းထောင်ဆေးခန်း၌ အမြဲတစေဆေးဝါးကုသမှုခံယူနေရသူ တစ်ဦးဖြစ်ပြီး ဇူလိုင် ၁၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အသက်ရှူကျပ်ခြင်း၊ မောခြင်းတို့ကြောင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံကြီး တာဝန်ခံဆရာဝန်က ဆေးဝါးကုသမှုပေးခဲ့သော်လည်း နှလုံးအတွင်း သွေးခဲများပိတ်သည့် ရောဂါဝေဒနာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Mizzima News in Burmese အမည်ခံ Facebook Page က ဖော်ပြထားသကဲ့သို့ အကျဉ်းသားများ ကျဉ်းကျပ်စွာနေထိုင်ရသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိဘဲ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်က အကျဉ်းထောင်၏ အရှေ့ဘက် ပင်မအုတ်ရိုးပြိုကျမှုကြောင့် ပြန်လည်ပြုပြင်နေစဉ် အုတ်ရိုးနှင့် ကပ်လျက်ရှိသော အမှတ်(၄) အိပ်ဆောင်ရှိ အကျဉ်းသားများကို အမှတ်(၅)အိပ်ဆောင်သို့ ခေတ္တပြောင်းရွှေ့ခဲ့ခြင်းသာဖြစ်ကြောင်း သိရသည်။

ဇွန်လတွင် ပြန်လည်ပြုပြင်ပြီးဖြစ်သည့်အတွက် မူလထားရှိသည့်အိပ်ဆောင်များအတိုင်း ပြန်လည်ထားရှိပြီးဖြစ်သည့်အတွက် Media အမည်ခံ Facebook Page များ၏ ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Naing Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ နိုင်ဝင်း(ခ)ဘော်နီအာမိန်းအား ညနေ ၅ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်သုခပရိယတ္တိစာသင်တိုက်၌ စက်တင်ဘာ ၂၁ ရက်က ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင် ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဖြိုးစန္ဒာ(ပြန်/ဆက်)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ကျော်ဟန်ဦးဆောင်ပြီး တပ်ဖွဲ့ဝင်အင်အား ၂၁၄ ဦး၊ စာရေးဝန်ထမ်း သုံးဦးနှင့် မိသားစုဝင် ၄၀ စုစုပေါင်း ၂၅၇ ဦးတို့က စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

သတင်းစဉ်



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အေးမြင့်နိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ ရဲမှူးကျော်စိုးမိုးတို့ ဦးဆောင်မှုဖြင့် အရာရှိ ၂၇ ဦး၊ တပ်ဖွဲ့ဝင် ၅၃ ဦး စုစုပေါင်း ၈၀ တို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



( ၆၁ )နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နယ်(အနောက်ပိုင်း)အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၁ ရက်က အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ချောင်းဆုံအရှေ့ရပ်ကွက်ရှိ ရွှေမြင့်မိုရ်တောင်စေတီတော်၌ ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင် ၂၅ ဦးနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဥပုသ်သီလစောင့်သူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ



**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ရဲရိပ်သာရပ်ကွက် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် လုပ်သားဓမ္မာရုံ အတွင်း၊ အပြင်၌ ဝါတွင်း(၁၁)ပတ်မြောက် ဥပုသ်နေ့တွင်ဥပုသ်သီလစောင့်သူများဖြင့် စည်ကားလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် လုပ်သားဓမ္မာရုံ၌ နံနက်ခင်း သီလပေးတရားချီးမြှင့်ပေးသည့် ဗိုလ်တထောင်မြို့နယ် ရွှေရင်မျှော်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝေပုလ္လ သာသနဓဇဓမ္မာစရိယ ဆရာတော်အားနေ့ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများကို ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့နှင့် အလှူရှင်များက အသီးသီးလှူဒါန်းပြီး ဥပုသ်စောင့်လာရောက်ကြသော ဥပုသ်သီလယူသည့် ပုဂ္ဂိုလ်များက ဆရာတော်များအား နဝကမ္မအလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။

ဥပုသ်သီလတရားနာကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလည်း အလှူရှင်များက ကြက်ဆီထမင်း၊ ထမင်းဘူး၊ အချိုရည်နှင့် ရေသန့်များ ကုသိုလ်ပြုခဲ့ကြပြီး ဝါတွင်း(၁၁)ပတ်မြောက် ဥပုသ်နေ့၌ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ဥပုသ်သီလစောင့်သူများ၊ ဘုရားဖူးလာပြည်သူများ၊ အလှူရှင်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခင်ဝင်း(ပြန်/ဆက်)

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၀၅ | ၃၂၆၀ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၂၀ | ၃၀၄၀ | ၃၂၉၅ |
| 95 Ron | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၅၆၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၃၀ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၅ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၈၀ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၂၇ | ၂၈၁၅ |
| 95 Ron | ၂၈၀၁ | ၂၈၉၁ |
| HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမျိုး ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများက ပြည်လုံးချမ်းသာဘုရားကြီး၌ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့နယ်၌ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဆံတော်ကြို အလံပြစေတီတော် ဘုရားဝင်းအတွင်း၌ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ အမှတ်(၇)နှင့် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီးအောင်ဇင်ဦးနှင့် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရဲမှူးတင်အောင်ဖြိုးဦးစီး၍ ရဲတပ်ဖွဲ့ဝင်နှင့် မီးသတ်အဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)၌ စက်တင်ဘာ ၂၀ ရက်က အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့မှူး (ယာယီ)ဒုတိယရဲမှူးကြီးပြည့်ဖြိုးအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်စဉ်။ ကျော်သန်း(ပြန်/ဆက်)



(၆၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၃) ရထားရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးခင်မောင်သန်း ဦးဆောင်မှုဖြင့် ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် စုပေါင်းသွေးလှူဒါန်းစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ကမ္ဘာကြီး၏ အသက်ရှူသံနှင့် မီးခိုးမြူများ ကင်းစင်သော အနာဂတ်ဆီသို့......

ကိုဘုန်း(ထုတ်လုပ်)



ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာအတွက် လေထုညစ်ညမ်းမှုသည် နေ့စဉ်ဘဝ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါသည်။ လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ကျန်းမာရေး အခြေအနေဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အဆိုအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူသန်းပေါင်း ခုနစ်သန်းခန့် စောစီးစွာ သေဆုံးနေရပါသည်။ ဤသည်မှာ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မသင့်လျော်သော အစားအသောက်များထက် ပိုမိုများပြားသော သေဆုံးမှုအရေအတွက်ပင်ဖြစ်ပါသည်။ ညစ်ညမ်းမှုများနှင့် ပြည့်နှက်နေသောလေသည် လူ့ကျန်းမာရေးကို ချက်ချင်းနှင့် ရေရှည်ထိခိုက်စေနိုင်ပြီး ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အဆုတ်ကင်ဆာကဲ့သို့သော ရောဂါများ ဖြစ်ပွားစေနိုင်သည်။ ထို့အပြင် လေထုညစ်ညမ်းမှုသည် ရာသီဥတုပြောင်းလဲခြင်းနှင့် နီးကပ်စွာ ဆက်စပ်နေပါသည်။ မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ညစ်ညမ်းမှုများသည် ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ကာ ကမ္ဘာကြီးပူနွေးလာမှုကို အရှိန်မြှင့်တင်ပေးနေပါသည်။

**လူသားတို့ကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများ**

လေထုညစ်ညမ်းမှု၏ အဓိကတရားခံမှာ လူသားတို့၏ လုပ်ဆောင်ချက်များပင်ဖြစ်သည်။ စက်မှုတော်လှန်ရေးခေတ်မှစတင်ကာ လူသားတို့သည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။

**တွင်းထွက်လောင်စာများမှ စွမ်းအင်ထုတ်လုပ်ခြင်း –** ကမ္ဘာ့လျှပ်စစ်ဓာတ်အား၏ ၆၀ ရာခိုင်နှုန်းကျော်ကို ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များ မီးရှို့ခြင်းမှရရှိသည်။ ကျောက်မီးသွေးမီးရှို့ခြင်းမှ ဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOX)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)နှင့် အမှုန်အမွှားများ (PM2.5/PM10) အကြီးအကျယ်ထွက်ရှိသည်။ ဤညစ်ညမ်းမှုများသည် အဆုတ်ရောဂါများ၊ အက်စစ်မိုးရွာသွန်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ဦးတည်စေသည်။

**စက်မှုလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများမှ မီးခိုးများ–** သံမဏိ၊ ဘိလပ်မြေ၊ ဓာတုဗေဒနှင့် သတ္တုတွင်းထွက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများမှ ညစ်ညမ်းမှုများ ထွက်ရှိသည်။ VOCs (Volatile Organic Compounds)၊ အလူမီနီယံနှင့် ပြဒါးကဲ့သို့သော အဆိပ်သင့်သတ္တုဒြပ်စင်များ ထွက်ရှိသည်။ အဆိုပါညစ်ညမ်းမှုများသည် လူကိုကင်ဆာဖြစ်စေနိုင်ပြီး မြေဆီလွှာ၊ ရေထုနှင့် လေထုကိုပါ ညစ်ညမ်းစေပါသည်။

**သယ်ယူပို့ဆောင်ရေးယာဉ်များ–** ဓာတ်ဆီနှင့် ဒီဇယ်ဆီလောင်ကျွမ်းခြင်းမှ ကာဗွန်မိုနောက်ဆိုက် (CO)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOX)၊ ဓာတ်ငွေ့ဖြစ်ဒြပ်ပေါင်းများနှင့် အမှုန်အမွှားများထွက်ရှိပါသည်။ ဒီဇယ်ယာဉ်များမှ PM2.5 အမှုန်များသည် အဆုတ်အတွင်းသို့ နက်ရှိုင်းစွာဝင်ရောက်ပြီး အဆုတ်ကင်ဆာနှင့် နှလုံးရောဂါကို ဖြစ်စေနိုင်ပါသည်။

**စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးများ–** စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုခြင်းကြောင့် အမိုးနီးယားဓာတ်ငွေ့ ($NH_3$) ထွက်ရှိပြီး လေထုတွင် ဓာတ်ပြုကာ အမှုန်အမွှား ညစ်ညမ်းမှုဖြစ်စေသည်။ တိရစ္ဆာန်မွေးမြူရေးများမှ မီသိန်းဓာတ်ငွေ့ ($CH_4$) ထုတ်လွှတ်မှုသည် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၏ ၁၄ ရာခိုင်နှုန်းခန့်ရှိပါသည်။

**စွန့်ပစ်ပစ္စည်းများမီးရှို့ခြင်း –** ပလတ်စတစ်၊ ရော်ဘာ၊ လျှပ်စစ်ပစ္စည်းများ မီးရှို့ခြင်းမှ ဒိုင်အောက်ဆင်များ၊ အဆိပ်သင့်ဓာတ်ငွေ့များနှင့် အမှုန်အမွှားများ ထွက်ရှိပါသည်။ ထို့အပြင် အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများ ဆွေးမြည့်ခြင်းမှ မီသိန်း ($CH_4$) ထွက်ရှိကာ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်စေသည်။

**သဘာဝကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများ**

လေထုညစ်ညမ်းမှုဟုဆိုလျှင် လူသားတို့၏စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ယာဉ်များကြောင့်ဖြစ်ရသည်ဟုသာ အများစုက မြင်တတ်ကြသည်။ သို့သော် သဘာဝတရားကြီးကိုယ်တိုင်ကလည်း လေထုကို ညစ်ညမ်းစေနိုင်သော ဖြစ်စဉ်များစွာရှိပါသည်။ လူသားတို့၏ လုပ်ဆောင်ချက်များနှင့် မတူညီဘဲ ဤသဘာဝဖြစ်စဉ်များသည် ကမ္ဘာဂြိုဟ်၏ ဇီဝရုပ်ဓာတုသံသရာ (Biogeochemical Cycles) နှင့် ရာသီဥတုစနစ်၏ ပုံမှန်အစိတ်အပိုင်းများဖြစ်ပါသည်။

**မီးတောင်ပေါက်ကွဲခြင်း–** မီးတောင်ပေါက်ကွဲမှုများသည် သဘာဝလေထုညစ်ညမ်းမှု၏ အကြီးမားဆုံးအရင်းအမြစ်တစ်ခုဖြစ်သည်။ ပေါက်ကွဲမှုဖြစ်သည့်အခါ မီးတောင်မှ ချော်ရည်၊ ပြာမှုန့်များ၊ ဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ ကလိုရင်း ($Cl_2$) နှင့် ဖလူရင်း ($F_2$) စသည့် ဓာတ်ငွေ့များ အကြီးအကျယ်ထွက်ရှိပါသည်။ ဤဓာတ်ငွေ့များနှင့် ပြာမှုန့်များသည် လေထုတွင်ရှိနေကာ လေထုအရည်အသွေးကို ကျဆင်းစေပါသည်။

**သဲမုန်တိုင်းများ –** ကန္တာရဒေသများတွင် ဖြစ်ပေါ်လေ့ရှိသော သဲမုန်တိုင်းများသည် လေထဲသို့ သဲနှင့်မြေမှုန့်များကို မိုင်ပေါင်းများစွာ သယ်ဆောင်သွားနိုင်သည်။ ဤအမှုန်အမွှားများ (PM2.5 နှင့် PM10) သည် လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ဥပမာအားဖြင့် ဆာဟာရကန္တာရမှ သဲမှုန်များသည် ဥရောပနှင့် အမေရိကတိုက်အထိ ရောက်ရှိပါသည်။

**သဘာဝအလျောက် မီးလောင်ကျွမ်းခြင်း–** သစ်တောများတွင် မိုးကြိုးပစ်ခံရခြင်း သို့မဟုတ် ခြောက်သွေ့သော ရာသီတွင် သဘာဝအလျောက်မီးလောင်ကျွမ်းမှုများ ဖြစ်ပွားတတ်သည်။ အဆိုပါတောမီးများမှ ကာဗွန်မိုနောက်ဆိုက် (CO)၊ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ နိုက်ထရိုဂျင်အောက်ဆိုက် (NOX) နှင့် အမှုန်အမွှားများ ထွက်ရှိသည်။ ဤဓာတ်ငွေ့များနှင့် အမှုန်များသည် လေထုညစ်ညမ်းမှုကို ဖြစ်စေပြီး မီးခိုးများသည် အနီးအနားရှိ မြို့ကြီးများကို ဖုံးလွှမ်းသွားနိုင်သည်။

**ပင်လယ်ရေမျက်နှာပြင်မှ ဆားမှုန်များ–** လေပြင်းများ တိုက်ခတ်သည့်အခါ ပင်လယ်ရေမျက်နှာပြင်မှ ဆားမှုန်များ (Sea Salt Aerosols) သည် လေထဲသို့ ရောက်ရှိသွားသည်။ ဤဆားမှုန်များသည် လေထုတွင် အမှုန်အမွှားညစ်ညမ်းမှုကို ဖြစ်စေနိုင်သော်လည်း မိုးတိမ်ဖြစ်ပေါ်မှုကို အားပေးပါသည်။

**အနံ့ဆိုးများထုတ်လွှတ်သော ဇီဝဖြစ်စဉ်များ–** ရွှံ့နွံများ၊ ရေကန်များနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သော နေရာများတွင် မီသိန်း ($CH_4$) နှင့် ဟိုက်ဒရိုဂျင်ဆာလဖိုက် ($H_2S$) ကဲ့သို့သော ဓာတ်ငွေ့များ သဘာဝအလျောက်ထွက်ရှိတတ်သည်။ ဤဓာတ်ငွေ့များသည် အနံ့ဆိုးများကိုဖြစ်စေပြီး လေထုညစ်ညမ်းမှုကို အနည်းငယ်ဖြစ်စေနိုင်သည်။ အထက်ပါအချက်များသည် သဘာဝကြောင့် ဖြစ်ပေါ်သော လေထုညစ်ညမ်းမှုများ ဖြစ်ပါသည်။

**သန့်ရှင်းသောလေအတွက် ကျွန်ုပ်တို့ တစ်ဦးချင်းစီက ပြုလုပ်နိုင်သော လုပ်ဆောင်ချက်များ**

သန့်ရှင်းသောလေအတွက် နိုင်ငံတကာအဆင့် မူဝါဒပြောင်းလဲမှုများသာ လိုအပ်သည်မဟုတ်ပါ။ ကျွန်ုပ်တို့ တစ်ဦးချင်းစီက ပြုလုပ်နိုင်သော လုပ်ဆောင်ချက်ငယ် များစွာရှိပါသည်။

**သယ်ယူပို့ဆောင်ရေးပုံစံ ပြောင်းလဲခြင်း**

ကားအသုံးပြုမှုကို လျှော့ချပါ။ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း သို့မဟုတ် ပြည်သူ့သယ်ယူပို့ဆောင်ရေးကိုအသုံးပြုပါ။ လောင်စာဆီချွေတာသော ကားများ သို့မဟုတ် လျှပ်စစ်ကားများကို ပိုမိုအသုံးပြုသင့်ပါသည်။

**စွမ်းအင်ကို ချွေတာ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုခြင်း**

အိမ်တွင်းသုံးလျှပ်စစ်မီးကို မလိုအပ်လျှင်ပိတ်ခြင်းနှင့် စွမ်းအင်ထိရောက်မှုရှိသော မီးသီးများနှင့် ပစ္စည်းကိရိယာများကို အသုံးပြုသင့်ပါသည်။ ဖြစ်နိုင်လျှင် နေရောင်ခြည်စွမ်းအင်သုံး သို့မဟုတ် လေစွမ်းအင်ကဲ့သို့ စိမ်းလန်းသော စွမ်းအင် ရွေးချယ်သုံးသင့်ပါသည်။

**စွန့်ပစ်ပစ္စည်း လျှော့ချခြင်း (သို့မဟုတ်) ပြန်လည်အသုံးပြုခြင်း**

စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းသည် လေထုညစ်ညမ်းမှုကို ဖြစ်စေသောကြောင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချကာ ပြန်လည်အသုံးပြု၍ရသည့် ပစ္စည်းများကို ပိုမိုသုံးစွဲသင့်ပါသည်။ ထို့အပြင် စနစ်တကျစွန့်ပစ်ခြင်းဖြင့်လည်း လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာများကို လျှော့ချနိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်မှုဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ဖြတ်ကျော်သည့် သဘာဝရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများအကြားတွင် ဖြစ်ပေါ်လေ့ရှိသည့် နယ်စပ်ဖြတ်ကျော် လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၁၈ သို့** ❐

**သက်ရှိ၊ သက်မဲ့အားလုံး ရှူရှိုက်နေရသော လေ၏အရည်အသွေးသည် သက်ရှိ၊ သက်မဲ့တို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် အနာဂတ်ကို နက်ရှိုင်းစွာ အကျိုးသက်ရောက်မှုရှိပါသည်။ လေထုညစ်ညမ်းမှုသည် နယ်စပ်မရှိ၊ နိုင်ငံတစ်နိုင်ငံတည်း သို့မဟုတ် လူတစ်ဦးတည်း၏ ပြဿနာမဟုတ်ပါ။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်ပါသည်။ သန့်ရှင်းသောလေရရှိအောင် လှုပ်ရှားမှုသည် အစိုးရများ၏ မူဝါဒချမှတ်ခြင်းနှင့် စက်မှုလုပ်ငန်းကြီးများ၏ ပြောင်းလဲမှုတို့ဖြင့် မလုံလောက်ပါ။ တစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင်ပြုလုပ်သော ရွေးချယ်မှုငယ်များမှလည်း သန့်ရှင်းသောလေရအောင် ဆောင်ရွက်နိုင်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

( ခ ) တပ်မတော်၏ ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်) တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယဆု)ရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

**၁၁။ စစ်ချီသီချင်းဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

**၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

**၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

**၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

**၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

**၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

**၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

**၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

---

❒ စာမျက်နှာ ၁၇ မှ

မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှုကိုပါ ဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များအသုံးပြုရေး၊ အစိမ်းရောင်စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ်များကို သန့်ရှင်းသော လေထု၊ စိမ်းလန်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်များအား လက်ဆင့်ကမ်းအမွေပေးသွားနိုင်ရေးအတွက် နိုင်ငံတကာနှင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

သက်ရှိ၊ သက်မဲ့အားလုံး ရှူရှိုက်နေရသော လေ၏အရည်အသွေးသည် သက်ရှိ၊ သက်မဲ့တို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် အနာဂတ်ကို နက်ရှိုင်းစွာ အကျိုးသက်ရောက်မှုရှိပါသည်။ လေထုညစ်ညမ်းမှုသည် နယ်စပ်မရှိ၊ နိုင်ငံတစ်နိုင်ငံတည်း သို့မဟုတ် လူတစ်ဦးတည်း၏ ပြဿနာမဟုတ်ပါ။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို လိုအပ်ပါသည်။ သန့်ရှင်းသောလေရရှိအောင် လှုပ်ရှားမှုသည် အစိုးရများ၏ မူဝါဒချမှတ်ခြင်းနှင့် စက်မှုလုပ်ငန်းကြီးများ၏ ပြောင်းလဲမှုတို့ဖြင့် မလုံလောက်ပါ။ တစ်ဦးချင်းစီ၏ နေ့စဉ်ဘဝတွင်ပြုလုပ်သော ရွေးချယ်မှုငယ်များမှလည်း သန့်ရှင်းသောလေရအောင် ဆောင်ရွက်နိုင်ပါသည်။ ကျွန်ုပ်တို့အားလုံးတွင် သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရှိပြီး အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသောလေကို အမွေပေးရန်လည်း တာဝန်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား - https://www.moi.gov.mm/news/43966**

# ဆင့်ကဲတိုးတက်မှုများ၏ နောက်ကွယ်မှ သဘောတရားနှင့် သတင်းနည်းပညာ

**နီဇော်သစ်**



အထွေထွေသုံးနည်းပညာများ (General Purpose Technologies)အကြောင်း ဆွေးနွေးလာခဲ့သည်မှာ လက်ရှိ ကမ္ဘာ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ကို ကိုင်လှုပ်နေသည့် မိုက်ခရိုပရိုဆက်ဆာနည်းပညာအထိ ရောက်ခဲ့ပြီဖြစ်သည်။ မိုက်ခရိုပရိုဆက်ဆာနည်းပညာသည် ကွန်ပျူတာ၊ အင်တာနက်တို့မှသည် ယခုနောက်ဆုံး အထွေထွေသုံးနည်းပညာတစ်ရပ်ဖြစ်လာဖို့ အားယူနေပြီဖြစ်သည့် အေအိုင်နည်းပညာအထိ နည်းပညာတို့၏ ဦးနှောက်နှင့်တူသောအပိုင်းကို တာဝန်ယူခဲ့သည်။ ထိုနည်းပညာများ အားလုံးပေါင်းထားသည့် လက်ရှိကျွန်တော်တို့နေထိုင်သော ခေတ်အား သတင်းနည်းပညာခေတ်ဟု ခေါ်ကြသည်ကို အားလုံးသိပြီးသားဖြစ်ပါသည်။ ထို့ကြောင့် ဆက်လက်ဆွေးနွေးရမည့် အထွေထွေသုံးနည်းပညာမှာ သတင်းနည်းပညာသာ ကျန်ပါတော့သည်။

သတင်းနည်းပညာခေတ်ဆိုသည့် အခေါ်အဝေါ်ကို သတင်းမီဒီယာများနှင့် နားလည်မှုရောထွေးလေ့ရှိတတ်ပါသည်။ ထိုသတင်းနည်းပညာခေတ်ဆိုသည့် အသုံးအနှုန်းထွန်းကားလာသည့် အချိန်နှင့် ကျွန်တော်တို့သတင်းမီဒီယာများ ထွန်းကားလာသည့်အချိန် တိုက်ဆိုင်နေခြင်းကြောင့်လည်း ဖြစ်ပါလိမ့်မည်။ တကယ်တော့ သတင်းနည်းပညာဆိုသည်မှာ သတင်းအချက်အလက်များကို ဘယ်လိုသိမ်းထားမလဲ၊ ဘယ်လိုပြုပြင်စီရင်မလဲ၊ ဘယ်လိုထုတ်ပေးမလဲ၊ ဘယ်လိုရယူမလဲဆိုသည်တို့အတွက် ကွန်ပျူတာများ၊ ဆက်သွယ်ရေးနည်းပညာများ၊ ဆော့ဖ်ဝဲများ၊ ဒစ်ဂျစ်တယ်စနစ်များကို အသုံးချသည့် နည်းပညာဖြစ်သည်။ သို့သော် ရုပ်ဝတ္ထုပစ္စည်းများကိုသာ သတင်းနည်းပညာအဖြစ် ကန့်သတ်ခေါ်ဝေါ်ခြင်းမျိုးမဟုတ်ဘဲ ကွန်ရက်များ၊ အယ်လ်ဂိုရစ်သမ်များနှင့် လူသားတို့ကို အချက်အလက်များနှင့် ထိတွေ့အသုံးပြုခွင့်ပေးသည့် ပလက်ဖောင်းများအားလုံးလည်း အကျုံးဝင်ပါသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ သတင်းနည်းပညာ၏ ဖန်တီးမှု၊ စီမံခန့်ခွဲမှုနှင့် ချိတ်ဆက်မှုတို့သည် သတင်းအချက်အလက်တို့ကို ‘၂၁ ရာစု၏ ရေနံ’အဖြစ် သတ်မှတ်ရသည်အထိ အရေးပါလာစေခဲ့သည်ကို မြင်တွေ့နေရပြီးသားပင်။

မိုက်ခရို ပရိုဆက်ဆာနည်းပညာအကြောင်း ဆွေးနွေးစဉ်က ရုပ်ပစ္စည်းများအကြောင်း မျက်စိလည်ရလောက်အောင် ဖတ်ခဲ့ရသဖြင့် ယခု သတင်းနည်းပညာအကြောင်း စတင်ဆွေးနွေးချိန်တွင် ရုပ်ဝတ္ထုပိုင်း ဆင့်ကဲတိုးတက်ပြောင်းလဲမှုများကို ခဏချန်ထားပြီး နောက်ကွယ်မှ သဘောတရားပိုင်းကို အရင်ဆုံးဆွေးနွေးလျှင် ပိုကောင်းမည်ဟုထင်ပါသည်။ သတင်းနည်းပညာ၏ နောက်ကွယ်မှ သဘောတရားများအကြောင်းကိုပြောလျှင် သတင်းသီအိုရီ (Information Theory) ကို ထည့်မပြော၍ရမည်မဟုတ်ပေ။ ထိုသတင်းနည်းပညာကိုယ်တိုင်ကလည်း ၁၉၄၈ ခုနှစ် ကလောက်ဒ်ရှန်နွန် စတင်မိတ်ဆက်လိုက်ပြီးနောက်ပိုင်း ဆင့်ကဲတိုးတက်လာသည်မှာ ယခုနောက်ဆုံး စကြဝဠာနှင့် လူသားမျိုးနွယ်တို့၏ ဆင့်ကဲပြောင်းလဲမှုနောက်ကွယ်မှ သတင်းအချက်အလက် လက်ဆင့်ကမ်းမှု သဘောတရားအထိ ကျယ်ပြန့်လာနေပြီဖြစ်သည်။

ထိုသတင်းနည်းပညာ သဘောတရားသည် မူရင်းစင်စစ်က လျှပ်စစ်ပစ္စည်းများအကြား သတင်းအချက်အလက် စီးဆင်းနိုင်စေဖို့ အရင်းခံသည့် နည်းပညာသာ။ သို့သော် အတွေးအခေါ်ပညာရှင်တို့က ထိုမျှနှင့်ရပ်တန့်မသွားဘဲ ဆက်လက်ချဲ့ထွင်လာသည်။ ချဲ့ထွင်ရလောက်အောင်လည်း သတင်းနည်းပညာ၏ လူသားတို့အတွက် အကျိုးပြုမှုများက ကြီးမားသည်မဟုတ်ပါလား။ သတင်းနည်းပညာသည် လူတို့က စတင်တီထွင်ခဲ့ခြင်းမဟုတ်၊ သဘာဝမှာပင် ရှိပြီးသားနည်းပညာတစ်ရပ်ဖြစ်သည်ဆိုသည့် အတွေးအခေါ်များအထိ ရောက်လာခဲ့သည်။ ထိုအတွေးအခေါ်များထဲတွင် ဂျွန်အာချီဘယ်ဝီးလား၏ It from Bit စိတ်ကူးမှာ လူသိများသည်။

“It from Bit က ရုပ်လောကထဲက အရာတိုင်းမှာ အောက်ခြေတစ်ခု၊ အလွန်ကို နက်ရှိုင်းတဲ့ အောက်ခြေတစ်ခုရှိတယ်ဆိုတဲ့ စိတ်ကူးကို သရုပ်ဖော်ပါတယ်။ အဲဒါက အထည်ကိုယ်ဒြပ်တစ်ခုမဟုတ်တဲ့ အရင်းအမြစ်၊ ရှင်းလင်းဖော်ပြချက်တစ်ခုပဲ။ ဒါက ဟုတ်တယ်၊ မဟုတ်ဘူး မေးခွန်းတွေကို မေးရာကနေ နောက်ဆုံးရလာတဲ့ လေ့လာဆန်းစစ်ချက်ထဲမှာ ပေါ်ထွက်လာတဲ့အရာပါ။ အဲဒါကို ကျွန်တော်တို့က အရှိတရားလို့ခေါ်ပါတယ်။ အတိုချုပ်ပြောရရင် ရုပ်ဝတ္ထုပစ္စည်းအားလုံးဟာ အရင်းမူလအားဖြင့် သတင်းသီအိုရီပေါ်မှာ အခြေတည်ပါတယ်။ ဒါဟာ လက်တွေ့ကျတဲ့ စကြဝဠာရဲ့ ဖွဲ့စည်းမှုလည်းဖြစ်ပါတယ်”ဟု ဝီးလားက ဆိုခဲ့သည်။ ယင်းမှာ ၂၀ ရာစု အတွေးအခေါ်ဖြစ်ပြီး ၂၁ ရာစုတွင် ထို့ထက် ပိုမိုနက်ရှိုင်းလာသည်။ စကြဝဠာ၏ ကွမ်တမ်သတင်းပေးပို့မှု သဘောတရားများပါ ပါဝင်လာတော့သည်။

စကြဝဠာဖြစ်တည်မှုသည် သတင်းသီအိုရီပေါ်တွင် အခြေတည်သည်ဆိုသည့် အတွေးအခေါ်ထွန်းကားလာပြီးနောက် အသက်ဇီဝနှင့် လူသားတို့၏ ဆင့်ကဲဖြစ်စဉ်များသည်လည်း သတင်းသီအိုရီပေါ်တွင် အခြေခံသည်ဆိုသည့် အတွေးအခေါ်ထွန်းကားလာသည်မှာ မထူးဆန်းဟု ဆိုရပါမည်။ လူသားတို့၏ယဉ်ကျေးမှု ဆင့်ကဲတိုးတက်ရာတွင် သတင်းစီးဆင်းမှုမှာ အဓိကကျသည်ကို ယခင်ကတည်းက လက်ခံထားကြပြီးသား။ မိဘများက သားသမီးများကို အန္တရာယ်တောထဲ၌ ရှင်သန်အောင် ဘယ်လိုနေရမလဲ သင်ပေးခဲ့သည့် ကျောက်ခေတ်မှ အစ၊ ဘာသာစကား၊ သင်္ကေတများ၊ စာပေ၊ အနုပညာ၊ စံနှုန်းသတ်မှတ်ချက်များနှင့် နည်းပညာတို့ အဆင့်ဆင့်ပေါ်ထွက်လာသည်မှာ သတင်းအချက်အလက် လက်ဆင့်ကမ်းခြင်းကြောင့်ဆိုသည်မှာ သေချာပါသည်။ ယနေ့ခေတ်အခေါ် ပညာရေးက ထိုတာဝန်ကို ယူထားသည်။

ထို့ကြောင့် သတင်းနည်းပညာသည် လူသားတို့လက်ထဲတွင်မှ ဖန်တီးလာနိုင်သည့် နည်းပညာမဟုတ်။ စကြဝဠာ၏ မဟာပေါက်ကွဲမှုမှစတင်သည့် ဆင့်ကဲတိုးတက်မှုများတွင်ပါ ပါဝင်ပြီး အသက်ဇီဝဖြစ်လာစေဖို့ အခြေခံကျသည့် နည်းပညာဖြစ်သည်။ လူသားတို့က ယင်းကို လျှပ်စစ်ပစ္စည်းများတွင်သုံးဖို့ တီထွင်ဖော်ထုတ်နိုင်ခဲ့ခြင်းမျှသာ။ မည်သို့ပင်ဖြစ်စေ စကြဝဠာ၏ မူရင်းနည်းပညာတစ်ခုကို ဖော်ထုတ်နိုင်တိုင်း လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုလှိုင်း တစ်ဆင့်မြင့်တက်သွားသည်ကို သမိုင်းမှတ်တမ်းများက ပြနေသည်။ စကြဝဠာ၏ ပထမဆုံးနည်းပညာဖြစ်သည့် အက်တမ်များ ပေါင်းစည်းသည့်နည်းပညာကို ဖော်ထုတ်နိုင်သော နျူကလီးယားနည်းပညာ ပေါ်ထွက်လာချိန်တွင် ဘယ်လောက်ပြောင်းလဲသွားသလဲဆိုသည်ကိုကြည့်လျှင် သိနိုင်သည်။ နျူကလီးယားနည်းပညာသည် အထွေထွေသုံးနည်းပညာတစ်ရပ်ဖြစ်မလာဘဲ တန့်သွားရသည့် အကြောင်းကို သပ်သပ်ဆွေးနွေးပါဦးမည်။ ယခု စကြဝဠာ၏ အသက်ဇီဝကိုဖြစ်စေသော နည်းပညာကို စမ်းသပ်နေကြပြီ။ အောင်မြင်လျှင် ကျန်းမာရေး၊ အသက်ရှည်ရေးတို့အတွက် များစွာအထောက်အကူဖြစ်လာဦးမည်။ ယခုလောက်ဆိုလျှင် သတင်းနည်းပညာနောက်ကွယ်မှ သတင်းသီအိုရီအကြောင်းကို အကြမ်းဖျင်းရိပ်မိလောက်ပြီဟု ယူဆပါသည်။




## ရုရှားနိုင်ငံ၏အာကာသစခန်း ပထမအစိတ်အပိုင်း ၂၀၂၈ ခုနှစ်တွင် အာကာသသို့ လွှတ်တင်မည်

**မော်စကို စက်တင်ဘာ ၂၁**

ရုရှားနိုင်ငံသည်၎င်း၏အာကာသစခန်းပထမအစိတ်အပိုင်းကို ၂၀၂၈ ခုနှစ်တွင် အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း ရုရှားအာကာသကော်ပိုရေးရှင်း ရော့်ကော့်စမော့ တာဝန်ရှိသူ ဒီမီထရီဗာကာနော့ဗ်က ပြောကြားသည်။

လဆင်းယာဉ် လွှတ်တင်ရေးအတွက် ရည်ရွယ်သည့် ၎င်းအာကာသစခန်းတွင် လကမ္ဘာပေါ်၌ လူသားများအသက်ရှင်နေထိုင်ရေးအတွက် အကူအညီပေးမည့် အခြေခံ အဆောက်အအုံများ ထားရှိမည်ဖြစ်သည်။

ရုရှားသည် နိုင်ငံတကာ အာကာသစခန်းမှ ထွက်ခွာရေးအတွက် အစီအစဉ်များကို ၂၀၂၂ ခုနှစ်တွင် ကြေညာခဲ့ပြီး ရုရှားအာကာသစခန်းကို စတင်တည်ထောင်ခဲ့သည်။ သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းရှိ ရုရှားအာကာသဆိုင်ရာ လုပ်ငန်းများကို ၂၀၂၈ ခုနှစ်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်တွင် ကြေညာခဲ့သည်။ ယခုဆောင်ရွက်မည့် အာကာသစခန်းစီမံကိန်းအတွက် ရူဘယ်ငွေ ၆၀၈ ဒသမ ၉ ဘီလီယံ ကုန်ကျခံမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ကမ္ဘာဂြိုဟ်နှင့် အလားသဏ္ဍာန်တူသည့် ဂြိုဟ်တစ်ခုရှာဖွေတွေ့ရှိ

**နယူးယောက် စက်တင်ဘာ ၂၁**

ကမ္ဘာဂြိုဟ်နှင့် အလားသဏ္ဍာန်တူသည့် ဂြိုဟ်တစ်ခုကိုရှာဖွေတွေ့ရှိခဲ့ပြီး အသေးစိတ်လေ့လာမှုများ ဆောင်ရွက်နေကြောင်း အာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမှ အလင်းနှစ် ၄၀ ခန့်အကွာရှိ TRAPPIST–1 ဟုခေါ်သော ဂြိုဟ်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ဘယ်လ်ဂျီယံ နက္ခတ္တဗေဒပညာရှင်ငါးဦးက ရှာဖွေတွေ့ရှိခဲ့သည်။

ယင်းဂြိုဟ်သည် ကြာသပတေးဂြိုဟ်၏ အရွယ်နှင့်တူသည်ဟု ခန့်မှန်းထားကာ ၎င်းတွင်လူသားများနေထိုင်သည့် ဇုန်အပါအဝင် သုံးစွဲရန်ရေရှိနိုင်သည်ဟု ဘယ်တီမိုးရှိ အာကာသသိပ္ပံအင်စတီကျူမှ နက်စတာအက်ပီနိုစာက ပြောကြားသည်။ “TRAPPIST–1 သည် လူသားများနေထိုင်ရန်အတွက် ဇုန်တစ်ခုဖြစ်လာနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိရေးအတွက် ထပ်မံလေ့လာမှုများဆောင်ရွက်မည်ဖြစ်ကြောင်း Massachusetts Institute of Technology မှ ဂြိုဟ်သိပ္ပံဆိုင်ရာ ပါမောက္ခ Sara Seager က ပြောကြားခဲ့သည်။

၎င်းဂြိုဟ်သည်သက်ရှိများအတွက်နေထိုင်ရန် လုံလောက်သည့်ဂြိုဟ်တစ်ခုဖြစ် မဖြစ် ဆန်းစစ်မှုဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။



**ကိုးကား – စီအင်န်အင်န်၊ ဘာသာပြန် – စိုးသူရ**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

### Unit 5: TRAINS

**I. Complete the sentences with the appropriate words. The initial letters are given.**

1. The train is currently on m___________, so it will not run today.
2. The i____________ of the steam engine changed transportation forever.
3. Many older trains still run on d___________ instead of electricity.
4. The l____________ pulled ten freight cars across the country.
5. The train carried heavy f_________ such as coal and machinery.
6. C____________ rely on early morning trains to get to work.
7. The train was full of p____________ traveling for the holidays.
8. The s________ t_______ offers a fast way to avoid city traffic.
9. Good transport i_________ is important for economic growth.
10. The i__________ of the bullet train was praised for his innovation.

**II. Choose the appropriate words or phrases to complete the sentence.**

1. The city has a modern ___________ system.
   **A. transportation B. transform C. transporter**
2. They ____________ getting up early morning.
   **A. got used to B. are used to C. used to**
3. He ___________ travel long distances for work.
   **A. is used to B. used to C. uses to**
4. The bridge is a major ___________ for the country.
   **A. construction B. achieve C. achievement**
5. A good transport system must be ___________ to all.
   **A. user-friendly B. guest-friendly C. power-friendly**
6. Wind energy is a type of ___________ resource.
   **A. eco-friendly B. non-renewable C. renewable**
7. The scientist's ___________ led to new discoveries.
   **A. invent B. invention C. inventor**
8. The bus arrived ___________ time today.
   **A. on B. at C. in**
9. ___________ often use maps while exploring cities.
   **A. Passengers B. Tourists C. Mechanics**
10. She ___________ take the train to school every day.
   **A. is used to B. used to C. using to**

**III. Rewrite the sentence according to the instruction given in brackets.**

1. The boys didn't bring their books and neither did the girls. **(Join, using 'neither … nor'.)**
2. She __________ **(was singing / sang)** a song when I arrived. **(Complete the sentence, using the correct tense of the verb in brackets.)**
3. You can wear a jacket or a sweater. **(Join, using 'either … or'.)**
4. Daw Mya Mya is our English teacher. She is giving a lecture. **(Join the sentence, using nouns in apposition.)**
5. They had already built the bridge before the rainy season began. **(Change the sentence into the Passive voice.)**
6. I **(not, use to)** __________ eat spicy food, but now I love it. **(Rewrite, using the correct form of 'used to'.)**
7. Sir Isaac Newton was a famous scientist. He discovered the law of gravity. **(Join the sentence, using nouns in apposition.)**
8. She __________ **(live)** in London before she moved to Paris. **(Rewrite, using the correct form of 'used to'.)**
9. They __________ **(study)** at this university since 2020. **(Complete the sentence, using the correct tense of the verb in brackets.)**
10. He will visit the museum or the zoo tomorrow. **(Join, using 'either … or'.)**

**Answers**

**Unit 5: TRAINS**

I. 1. maintenance 2. invention 3. diesels 4. locomotive 5. freight 6. Commuters 7. passengers 8. sky train 9. infrastructure 10. inventor

II. 1. A. transportation 2. B. are used to 3. B. used to 4. C. achievement 5. A. user-friendly 6. C. renewable 7. B. invention 8. A. on 9. B. Tourists 10. B. used to

III. 1. Neither the boys nor the girls brought their books. 2. was singing 3. You can wear either a jacket or a sweater. 4. Daw Mya Mya, our English teacher, is giving a lecture. 5. The bridge had already been built before the rainy season began. 6. I didn't use to eat spicy food, but now I love it. 7. Sir Isaac Newton, a famous scientist, discovered the law of gravity. 8. She used to live in London before she moved to Paris. 9. They have been studying at this university since 2020. 10. He will visit either the museum or the zoo tomorrow.

**********************

## Grade 11

### Unit 5 TRAVEL IN SOUTHEAST ASIA I

**I. Complete the sentences with the appropriate words. The initial letters are given.**

1. He enjoys a healthy l___________ with daily exercise and balanced meals.
2. They went on a c_________ around the Mediterranean Sea.
3. The flowers on the table are a_________, but they look real.
4. She gave an i___________ performance in the school play.
5. The documentary gave a f_____________ look into deep-sea life.
6. In ancient Rome, c_____________ races were very popular.
7. They stayed at a l_____________ hotel by the beach.
8. The town held a j_____________ to celebrate its 100th anniversary.
9. Many rare animals live in the Amazon r___________.
10. Conservation efforts help protect e______________ wildlife.

**II. Choose the appropriate words or phrases to complete the sentence.**

(1) Kampong Ayer is a __________ village built on stilts over the Brunei River.
   **A. floating B. modern C. remote**
(2) The Jame Asr Hassanal Bolkiah Mosque is __________ for its 29 golden domes.
   **A. admired B. famous C. visible**
(3) Many of the houses in Kampong Ayer are connected __________ wooden bridges and walkways.
   **A. by B. with C. through**
(4) The Royal Regalia Museum __________ visitors a look into the Sultan's luxurious life.
   **A. allows B. shows C. offers**
(5) A river cruise is the best way to __________ the daily lives of people in Kampong Ayer.
   **A. experience B. travel C. explore**
(6) The Brunei Museum is known for its __________ of ancient ceramics and metalwork.
   **A. offering B. exhibit C. display**
(7) The Sultan's palace is a popular __________ for tourists visiting Brunei.
   **A. destination B. event C. activity**
(8) Bandar Seri Begawan is the ______ city of Brunei Darussalam.
   **A. cultural B. historic C. capital**
(9) The History Gallery in the museum highlights the __________ of Southeast Asia.
   **A. culture B. history C. politics**
(10) She waited at the station __________ the train arrived.
   **A.before B. after C. until**

**III. Rewrite the sentence according to the instructions given in brackets.**

1. The students completed the project. They presented it to the teacher. **(Rewrite the sentences, using a participle phrase.)**
2. The man who is sitting over there is my uncle. **(Rewrite the sentence omitting the relative pronouns.)**
3. The boy heard a strange noise. He ran out of the room. **(Rewrite the sentences, using a participle phrase.)**
4. They **(must / have to)** _________ clean their room every Saturday as a family rule. **(Complete the blanks with the correct tenses of the verbs in brackets.)**
5. People celebrate Christmas in many parts of the world. **(Change the sentence into "Passive".)**
6. She **(revise)** __________ her notes every night this week. **(Complete the blanks with the correct tenses of the verbs in brackets.)**
7. She needs __________ **(read)** that book for school. **(Complete the sentence with the 'gerund' or 'to + infinitive' form of the verbs in brackets.)**
8. I enjoy __________ **(listen)** to music while studying. **(Complete the sentence with the 'gerund' or 'to + infinitive' form of the verbs in brackets.)**
9. He suggested __________ **(take)** a taxi instead of walking. **(Complete the sentence with the 'gerund' or 'to + infinitive' form of the verbs in brackets.)**
10. You __________ **(mustn't / don't have to)** eat in the computer lab.
11. We __________ **(mustn't / don't have to)** bring our own snacks—they're provided.
12. I **(study)** _________ for my exams all week. **(Complete the blanks with the correct tenses of the verbs in brackets.)**
13. Mother cooked the vegetables. She washed them. **(Join the sentences, using "before".)**
14. The problem wasn't easy enough. We couldn't solve it. **(Join the sentences, using "too…to".)**
15. The boy is very strong. He can carry the heavy bag. **(Join the sentences, using "enough … to".)**
16. His explanation was not simple enough for us to understand fully. **(Change the sentence, using "too…to".)**
17. The bridge was too old to support heavy trucks. **(Change the sentence, using "enough…to".)**
18. The car that he bought last year is very expensive. **(Rewrite the sentence omitting the relative pronouns.)**
19. He found a wallet. He took it to the police station. **(Rewrite the sentences, using a participle phrase.)**
20. The students finished their homework. They went outside to play. **(Rewrite the sentences, using a participle phrase.)**

**Answers**

**Unit 5 TRAVEL IN SOUTHEAST ASIA I**

I. 1. lifestyles 2. cruise 3. artificial 4. impressive 5. fascinating 6. chariot 7. luxurious 8. jubilee 9. rainforest 10. endangered

II. 1. (A) floating 2. (B) famous 3. (A) by 4. (C) offers 5. (A) experience 6. (C) display 7. (A) destination 8. (C) capital 9. (B) history 10. (C) until

III. 1. Having completed the project, the students presented it to the teacher. 2. The man sitting over there is my uncle. 3. Hearing a strange noise, the boy ran out of the room. 4. They have to clean their room every Saturday as a family rule. 5. Christmas is celebrated in many parts of the world. 6. She has been revising her notes every night this week. 7. She needs to read that book for school. 8. I enjoy listening to music while studying. 9. He suggested taking a taxi instead of walking. 10. You mustn't eat in the computer lab. 11. We don't have to bring our own snacks—they're provided. 12. I have been studying for my exams all week. 13. Mother washed the vegetables before she cooked them. 14. The problem was too difficult for us to solve. 15. The boy is strong enough to carry the heavy bag. 16. His explanation was too complicated for us to understand fully. 17. The bridge was old enough not to support heavy trucks. 18. The car he bought last year is very expensive. 19. Finding a wallet, he took it to the police station. 20. Having finished their homework, the students went outside to play.

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

**Grade 12**

## Unit 5 COLOURS

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. The old man lives alone and often feels l___________.
2. Scientists warn that increased c_________ d__________ levels contribute to global warming.
3. The city is n_________for its unpredictable traffic jams.
4. I prefer buying fruits and vegetables from the local g_________.
5. Speaking in front of a large audience requires c_________, especially for shy people.
6. The airline has strict r_________regarding luggage size.
7. Being a t__________ is a time of growth, learning, and self-discovery.
8. The high-tech machine looked impressive, but it was a w_________ e_________ because no one knew how to use it properly.
9. H_________are a great way to reduce stress and enjoy free time.
10. We can't start the project until we receive the g_______ l_______ from the manager.
11. Her s_________ expression showed how much she missed her family.
12. The employee was promoted because he was hardworking and t__________.
13. Idiomatic e_________ can be difficult for language learners to understand.
14. Running away from responsibility is often seen as c_________ behaviour.
15. The word "cheap" has a negative c_________, while "affordable" sounds more positive.
16. He was always the b_______ s_________ in the family, never following the rules.
17. Doctors sometimes use r_________therapy to treat cancer.
18. O________ plays an important role in blocking solar radiation.
19. The lecture was so d_________ that several students fell asleep.
20. M_________ arts teach discipline, focus, and self-defense.

**II. Choose the appropriate words or phrases to complete the sentence. (10 marks)**

(1) The passage was written in --------so we can understand it clearly.
**(A) black and blue (B) black and white (C) black out**

(2) --------, she resigned from her job.
**(A) Once in a blue moon (B) Into the blue (C) Out of the blue**

(3) Aerobic exercise increases the volume of -------- in some part of the brain.
**(A) red - eye (B) blue blood (C) gray matter**

(4) You will gain weight -------- you eat much.
**(A) if (B) when (C) after**

(5) Students must bring their -------- cards into the examination hall.
**(A) identity (B) individual (C) unique**

(6) You should give up smoking -------- your lungs will be damaged.
**(A) and (B) or (C) but**

(7) After the footballer -------- one of the rules of the game, the referee showed him a red card.
**(A) violating (B) having violated (C) had violated**

(8) Someone may betray your ------- though you are absolutely good for him or her.
**(A) trust (B) belief (C) acceptance**

(9) Parents don't let their child go out alone -------- he may get in trouble.
**(A) in case (B) although (C) so that**

(10) Automatic voltage -------- must be used to run a refrigerator.
**(A) regulation (B) regulator (C) regulating**

(11) The light turned ______, signaling all vehicles to stop immediately.
**(A) red (B) yellow (C) white**

(12) Please state your ______ on the immigration form.
**(A) nation (B) nationality (C) national**

(13) ______ it was raining, the children continued playing outside.
**(A) So that (B) As soon as (C) Although**

(14) I couldn't attend the meeting ______ I had a dentist appointment.
**(A) because (B) until (C) although**

(15) You won't improve your English _____you practise regularly.
**(A) until (B) unless (C) after**

(16) After falling off his bike, he was ______ for days.
**(A) blue blood (B) out of the red (C) black and blue**

(17) That huge, unused office building became a ______ for the city.
**(A) a white lie (B) white elephant (C) white-collar**

(18) Her wedding day was truly ______ in her memory.
**(A) a red letter (B) grey matter (C) pinkie**

(19) Many people are not fully aware ______ the consequences of deforestation.
**(A) with (B) about (C) of**

(20) He forgot to lock the door, and _____, the house was robbed.
**(A) even though (B) consequently (C) and thus**

(21) He was called ______ for refusing to stand up for himself.
**(A) blue (B) green (C) yellow**

(22) His face turned ______with fear when he saw the snake.
**(A) white (B) red (C) pink**

(23) Call me ______ you arrive at the airport.
**(A) so that (B) as soon as (C) until**

(24) He was reading the report ______ the phone suddenly rang.
**(A) because (B) while (C) where**

(25) ______ he realized the truth, he apologized sincerely.
**(A) As (B) Once (C) Where**

(26) He's a ______, so he still needs a lot of training.
**(A) greenhorn (B) green light (C) green thumb**

(27) The festival was full of music, dancing, and a _______ crowd.
**(A) living (B) life (C) lively**

(28) You ______ use your phone during the exam.
**(A) can't (B) don't have to (C) mustn't**

(29) You ______ submit your application before the deadline.
**(A) can (B) should (C) must**

(30) She felt deeply embarrassed ______ her mistake and apologized in front of the class.
**(A) with (B) about (C) by**

**III. Finish each sentence in such a way that it means exactly the same as the sentence that is given. (10 marks)**

(1) Despite being injured in a severe accident, U Tun could be fully recovered. **(Rewrite the sentence, using ' although'.)**
(2) While the pop star was climbing up the stage, the audience clapped. **(Rewrite the sentence, using ' as soon as '.)**
(3) The riddle was so easy that every student could solve it. **(Rewrite the sentence, using' such ------ that '.)**
(4) Be quiet or you will be punished. **(Rewrite the sentence, using ' Unless '.)**
(5) The teacher beat the students once. They never made the same mistake again. **(Rewrite the sentence, using' After'.)**
(6) The play was very amusing. It was written by William Shakespeare. **(Join the sentences, using an appropriate relative pronoun.)**
(7) Being diligent and studious, Aung lay won the first prize. **(Rewrite the sentence, using' Since '.)**
(8) The man has his breakfast and goes to work. **(Rewrite the sentence, using' before'.)**
(9) The rain stops. We like staying indoors. **(Rewrite the sentence, using' Until'.)**
(10) Each time I see my teacher, he is active and alert. **(Rewrite the sentence, using' Whenever'.)**
(11) He applied for the job. He didn't meet all the requirements. **(Join the sentences, using appropriate "Subordinating conjunction".)**
(12) The unexpected rain caused the outdoor event to be canceled at the last minute. **(Use "It is/ was … who/ that…".)**
(13) They had already delivered the package before we arrived. **(Change the sentence into the passive voice.)**
(14) He walked through the forest. He whistled a tune. **(Join the sentences, using a participle phrase.)**
(15) The scientist discovered a new virus. She developed a vaccine for it. **(Join the sentences, using 'not only… but also'.)**
(16) You should take your umbrella. It might rain later. **(Join the sentences, using appropriate "Subordinating conjunction".)**
(17) Mother said to Mu Mu, "Don't talk back and finish your dinner." **(Change the sentence into the reported speech.)**
